ကြေးမုံ

The Mirror Daily

Established in 1957

ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှု မရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ပြဟ္မာကြီးများကဲ့သို့ ပီတိဟူသော အစာကို စားသုံး၍ နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၉ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 29 November 2017 ၉၁၂၃

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ် အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ အထက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၃

ဖက်ဒရယ်ပြည်ထောင်စုကိုသွားတဲ့အခါမှာ သယံဇာတခွဲဝေမှုအပိုင်းက ပွံ့ဖြိုးမှုအတွက် ပိုပြီးတော့ အရေးပါလာတယ်

စာမျက်နှာ - ၅

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၈

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

သတင်းစဉ်

ကြေးမုံ

ဖိအားပေးမှုများကို ကြံ့ကြံ့ခံ ကျော်လွှား

ရခိုင်ပြည်နယ် အရေးကိစ္စကို အကြောင်းပြု၍ မြန်မာနိုင်ငံအပေါ် ပြစ်တင်စွပ်စွဲမှုများ၊ ဖိအားပေး အကျပ်ကိုင်မှုများ တွင်တွင်ပြုလုပ်နေသည်ကို မြန်မာနိုင်ငံသာမက နိုင်ငံအများကပါ သိရှိနေကြပြီဖြစ်သည်။ ရခိုင်ပြည်နယ်အရေးကို ကမ္ဘာ့နိုင်ငံများက အာရုံစိုက်လာအောင် ပုံကြီးချဲ့လှုံ့ဆော်ပေးကြသူများမှာ ပြည်ပ အခြေစိုက် မီဒီယာအများစုဖြစ်ပြီး ယင်းကို အကြောင်းပြု၍ ပြစ်တင်စွပ်စွဲ ဖိအားပေးမှုများ ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။

ပြစ်တင်စွပ်စွဲမှုများကို အိုအိုင်စီ ၅၇ နိုင်ငံနှင့် ဥရောပ ၂၈ နိုင်ငံတို့က ကုလသမဂ္ဂ တတိယကော်မတီတွင် ပူးပေါင်းအဆိုတင်ပြီး အနောက်နိုင်ငံအများစုက ထောက်ခံကြသည်။ မဲခွဲဆုံးဖြတ်သောအခါ အားကြီးသူက အားနည်းသူအပေါ် အနိုင်ရကြပြီး ကုလသမဂ္ဂက မြန်မာနိုင်ငံအပေါ် အရေးယူနိုင်ရေး ဆုံးဖြတ်ချက် ချနိုင်ရန် ကြိုးပမ်းအားထုတ်နေသည်ကို မြင်တွေ့ကြားသိရမည်ဖြစ်သည်။

မြန်မာနိုင်ငံအပေါ် ထိုသို့ ကြိုးပမ်းအားထုတ်လာမှုသည် မှန်ကန်မှု၊ တရားမျှတမှု မရှိသည်မှာ မှန်သော်လည်း 'ရေများ ရေနိုင်၊ မီးများ မီးနိုင်' ဆိုသည့်အတိုင်း အားကြီးသူတို့၏ အန္တရာယ်မကျရောက်လာမီ ကြိုတင်ပြင်ဆင် ကာကွယ်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ဤအရေးအတွက် မြန်မာနိုင်ငံအဖို့ ပြည်တွင်း ညီညွတ်မှုစွမ်းအားများ တိုးပွားလာအောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်ပစွက်ဖက်လာနိုင်မည့်အရေးကိုလည်းပေါ့ပေါ့မတွေးဘဲ အထူးအလေးအနက်ထား သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ဤအရေးကို ကြိုတင်မြော်တွေးပြီး စတင်ဖြစ်ပွားသည့် အချိန်မှစ၍ လုပ်သင့်လုပ်ထိုက်သည့် အလုပ်များအား စနစ်တကျလုပ်ဆောင်ထားသည်ကို တွေ့ရသည်။ ရခိုင်အရေးကို အကြောင်းပြု၍ မြန်မာတို့အနေဖြင့် နိုင်ငံရေးအမြင်ကျယ်လာကြပြီး ကမ္ဘာ့အခြေအနေနှင့် မြန်မာ့အရေးကို ပိုင်းခြားဝေဖန် သိမြင်ကာ မျက်ခြည်မပြတ် အာရုံစိုက်လာနိုင်သည်ဟု ဆိုရမည်ဖြစ်သည်။

မည်သည့်အရေးကိစ္စတွင်မဆို ပြဿနာရှိလျှင် အဖြေရှိနိုင်သည်ဖြစ်၍ ပြဿနာပြေလည်မည့်အဖြေကို ညီညီညွတ်ညွတ် စုပေါင်းရှာဖွေကာ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် လက်တွေ့တုံ့ပြန် ပြသရမည်ဖြစ်သည်။ ယခုအရေးသည် ကမ္ဘာ့အရေးဖြစ်သဖြင့် တစ်ကမ္ဘာလုံးကို ကိုယ်စားပြုခဲ့သူ ကိုဖီအာနန်ကော်မရှင်၏ အကြံပြုချက်များသည် ထိရောက်သော တုံ့ပြန်နိုင်မှုများပင်ဖြစ်သည်။ တစ်ဖက်တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေသည်။ ယခု အရေးသည် အိမ်နီးချင်းနှစ်နိုင်ငံအရေးဖြစ်ပြီး မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံပူးပေါင်းညှိနှိုင်းဆောင်ရွက်နိုင်ပါက မြန်မာနိုင်ငံအပေါ် ဖိအားပေးစွက်ဖက်လိုမှုများ လျော့ပါးသွားနိုင်ပေသည်။

ရခိုင်ပြည်နယ်အရေးသည် ရှည်လျားသော နောက်ခံသမိုင်းကြောင်းပေါ်တွင် ရှုပ်ထွေးပွေလီစွာ အခြေတည်လာပြီး မျက်မှောက်ကာလ ကမ္ဘာ့ပထဝီဝင်နိုင်ငံရေး အပြောင်းအလဲနှင့်အတူ မြန်မာနိုင်ငံအပေါ် စွက်ဖက်နိုင်စရာအကြောင်းများ ဖြစ်ပေါ်လာသည်ဟု သုံးသပ်ရပါသည်။ ကမ္ဘာပေါ်တွင် စည်းလုံးညီညွတ်မှု ပျက်ပြားပြီး မတည်မငြိမ်ဖြစ်ကာ အားကြီးရာသို့ မလိုက်ပါနိုင်သော နိုင်ငံအချို့၏ ပုံစံကိုယူကာ မြန်မာနိုင်ငံအပေါ် စွက်ဖက်ရန် ကြိုးပမ်းအားထုတ်လာသည့် အရေးယူမှုအဆင့်ဆင့်တို့ကို ဝိုင်းဝန်းချေဖျက်၍ စုပေါင်းကာကွယ်ကြရမည် ဖြစ်သည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အရှိန်အဟုန်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်လျက်ရှိပြီး စိန်ခေါ်မှုများကို ကျော်လွှားနိုင်လျှင် နိုင်ငံတကာ၏ဖိအားများလည်း တစ်စတစ်စ လျော့ကျသွားမည်ဖြစ်သည်။ အဓိကအားဖြင့် နိုင်ငံတကာမီဒီယာများ၏ ထိုးဖောက်မှုကို ကျော်လွှားနိုင်ရန် ပြည်တွင်းအားဖြင့် မလုံလောက်သဖြင့် လက်တွေ့ တိုးတက်လုပ်ဆောင်မှုများဖြင့်သာ ချေဖျက်ကြရမည်ဖြစ်သည်။

အောင်မြင်မှုသို့ တူရူတက်လှမ်းရာတွင် စိန်ခေါ်မှုနှင့် ဟန့်တားနှောင့်ယှက်မှုများရှိမည်မှာ ဓမ္မတာဖြစ်သည်။ ယင်းတို့ကို ကြံ့ကြံ့ခံကျော်လွှားနိုင်ရန်မှာ စည်းလုံးညီညွတ်မှုနှင့် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသည်။ 'နွားကွဲလျှင် ကျားဆွဲမည်' ဆိုသကဲ့သို့ မြန်မာနိုင်ငံ မပြိုကွဲအောင်၊ မပျက်စီးအောင် အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူများအားလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြဖို့ အချိန်တန်ပြီဖြစ်ပါသတည်း။ ။

လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ကျောင်းများတွင် သန့်ရှင်းသောရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေကျန်းမာရေး ဆိုင်ရာ (၆)ကြိမ်မြောက် နိုင်ငံတကာ သင်ယူမှု နှီးနှောဖလှယ်ပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

ကျောင်းများတွင် သန့်ရှင်းသောရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ ကျန်းမာရေးဆိုင်ရာ (၆)ကြိမ်မြောက် နိုင်ငံတကာသင်ယူမှုနှီးနှောဖလှယ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ရေ၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အခြေအနေများသည် တိုးတက်ဖွံ့ဖြိုးနေသော်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုရည်မှန်းချက် ပန်းတိုင်များသို့ ရောက်ရှိရန်အတွက် လိုအပ်နေသေးကြောင်း၊ မြို့ပြဒေသတွင် ၈၉ ရာခိုင်နှုန်းသော အိမ်ထောင်စုများ၊ ကျေးလက်ဒေသတွင် ၇၇ ရာခိုင်နှုန်းသော အိမ်ထောင်စုများအပါအဝင် တစ်နိုင်ငံလုံးအနေဖြင့် ၈၀ ရာခိုင်နှုန်းသော အိမ်ထောင်စုများသာ ကောင်းမွန်သော သောက်သုံးရေများကို အသုံးပြုရသည်ဟု သိရှိရကြောင်း၊

သန့်ရှင်းမှုသည် အရေးကြီးပြီး မြန်မာနိုင်ငံတွင် ၄၈ ရာခိုင်နှုန်းသော အိမ်ထောင်စုများသည် သန့်စင်ခန်းနှင့်ပတ်သက်၍ ကောင်းမွန်သော အခြေအနေများ ရရှိနေသည်ကိုတွေ့ရကြောင်း ထည့်သွင်းပြောကြားသည်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာ ဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်း ၄၆,၀၀၀ ကျော်တွင် သန့်စင်ခန်း ၁၉၀,၀၀၀ ကျော်ရှိပြီး စာသင်ကျောင်းများတွင် ပျမ်းမျှအားဖြင့် မိန်းကလေးများအတွက် သန့်စင်ခန်းတစ်လုံးနှင့် ယောကျ်ားလေးများအတွက် သန့်စင်ခန်းတစ်လုံး အနည်းဆုံးရှိရာ အချိုးအနေဖြင့် (၁း၄၈) ရှိသည်။ သို့သော်လည်း ကျောင်း တစ်ကျောင်းချင်းအလိုက် စဉ်းစားမည်ဆိုပါက သန့်စင်ခန်းပေါင်း ၄၈,၆၉၀ ထပ်မံ လိုအပ်နေပြီး သန့်ရှင်းသော ရေရရှိရေးအတွက်လည်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံအပါအဝင် အာရှ-ပစိဖိတ်ဒေသမှ နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ နိုဝင်ဘာ ၃၀ ရက်တွင် မြိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများတွင် သန့်ရှင်းသော ရေရရှိရေး၊ သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေ ကျန်းမာရေးဆိုင်ရာ ကျင့်သုံးဆောင်ရွက်နေမှုများကိုလည်း သွားရောက် လေ့လာမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်(ရွှေဈေး) ၉၃၅၀၀၀ - ၉၃၅၀၀၀၊ မန္တလေး(ရွှေဈေး) ၉၃၅၀၀၀ - ၉၃၅၀၀၀

စက်သုံးဆီဈေးနှုန်း		ရန်ကုန်	မန္တလေး
(က) ဒီဇယ်	တစ်လီတာ	၇၆၅/၇၇၅ ကျပ်၊	၈၁၀/၈၂၀ ကျပ်
(ခ) အောက်တိန်း ၉၅	တစ်လီတာ	၈၁၅/၈၂၅ ကျပ်၊	၉၃၀/၉၃၅ ကျပ်
(ဂ) အောက်တိန်း ၉၂	တစ်လီတာ	၇၇၀/၇၈၀ ကျပ်၊	၈၅၀/၈၆၀ ကျပ်
(ဃ) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၇၈၅/၇၉၅ ကျပ်၊	၈၃၀/၈၄၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၇၄၃/၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၅/၇၇၅ ကျပ်၊

အောက်တိန်း ၉၂ တစ်လီတာ ၇၃၄/၇၄၅ ကျပ်

၂၁-၁၁-၂၀၁၇ ရက်နေ့မှ ၂၇-၁၁-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၇၃၂ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၆၀ ကျပ်၊ ဒီဇယ် တစ်လီတာ ၇၄၅ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၅၇ ကျပ် ဖြစ်ပါသည်။ *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်)*

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၅. ၀	(စ) အိန္ဒိယ	တစ်ရူပီး	=	၂၁. ၁၇၀
(ခ) ဥရောပ	တစ်ယူရို	=	၁၆၂၄. ၉	(ဆ) ဂျပန်	တစ်ရာယန်း	=	၁၂၂၈. ၄
(ဂ) တရုတ်	တစ်ယွမ်	=	၂၀၆. ၉၁	(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၂၅. ၂၀
(ဃ) ထိုင်း	တစ်ဘတ်	=	၄၁. ၈၅၈	(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၀၃၈. ၃
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၃၁. ၅၉	(ည) စင်ကာပူ	တစ်ဒေါ်လာ	=	၁၀၁၃. ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

မန်နောင်ကျေးရွာတွင် စက်ရေတွင်း တူးဖော်ပေး

မိုးမောက် နိုဝင်ဘာ ၂၈

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးကြပ်လျက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၇ ဒသမ ၇၅၃ သန်းဖြင့် မန်နောင်ကျေးရွာ အထက စာသင်ကျောင်းအနီးတွင် စက်ရေတွင်း တူးဖော်ခြင်း၊ ရေဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ လုပ်ငန်းများပြီးစီးပါက အိမ်ခြေတစ်ထောင်ကျော်ရှိ မန်နောင်ကျေးရွာပြည်သူများနှင့် ကျောင်းသားကျောင်းသူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း

သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလဲ့

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် နိုဝင်ဘာ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက မစ္စ ဗန်နက်ဆာ ချန်ယွမ် ရင် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည်။

မစ္စချန်ကို ၁၉၆၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဗြိတိန်နိုင်ငံ ကင်းဘရစ်ချ် တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ ဥပဒေ(ဂုဏ်ထူးတန်း)ကို ၁၉၈၈ ခုနှစ်တွင် လည်းကောင်း၊ စင်ကာပူ ဥပဒေပညာရှင်အဖွဲ့၏ ပညာရှင်အသိအမှတ်ပြုလက်မှတ်ကို ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း ရရှိခဲ့ပြီး ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ ဥပဒေပညာရှင်အဖြစ် ဆောင်ရွက်ခဲ့သည်။

မစ္စချန်သည် ၁၉၉၅ ခုနှစ်တွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်ဝင်ရောက်ခဲ့ပြီး မြောက်အမေရိကဒေသ၊ အရှေ့တောင်အာရှဒေသနှင့် နိုင်ငံတကာအဖွဲ့အစည်းများဆိုင်ရာ တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၉ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၂ ခုနှစ် ဩဂုတ်လအထိ နယူးယောက်မြို့ရှိ စင်ကာပူအမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ၂၀၀၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၁ ခုနှစ် ဇန်နဝါရီလအထိ ရန်ကုန်မြို့ရှိ စင်ကာပူသံရုံးတို့၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇန်နဝါရီလမှ ၂၀၁၇ ခုနှစ် ဇွန်လအထိ စင်ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့ပြင် ၎င်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ် ဇွန်လအထိ စင်ကာပူနိုင်ငံရှိ United Nations Development Programme Global Centre for Public Service Excellence တွင် ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

သတင်းစဉ်

☆ နိုင်ငံတော်သမ္မတမှ

ပုပ်ရဟန်းမင်းကြီးဖရန်စစ်သည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ ရောက်ရှိလာရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြပြီး ဂုဏ်ပြုကြိုဆိုပွဲသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်များအား အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဒေါက်တာမြင့်ထွေး၊ ဦးကျော်ဝင်း၊ ဦးကျော်တင်၊ ဗာတီကန်မြို့ပြနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးစံလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားအပြီးတွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုင်ငံတော်သမ္မတအိမ်တော် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။ **(အပေါ်ပုံ)** **သတင်းစဉ်**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ အထက်လွှတ်တော်ဥက္ကဋ္ဌတို့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tadamori Oshima ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဂျပန်နိုင်ငံအောက်လွှတ်တော်သို့ ရောက်ရှိကြရာ ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tadamori Oshima က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် ဂျပန်နိုင်ငံ အောက်လွှတ်တော်ရှိ အထူးဧည့်ခန်းမဆောင်၌ ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်-မြန်မာနှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံဖွံ့ဖြိုးရေးကိုရှေးရှုသည့် ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်မပျက် ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေး၊ လွှတ်တော်၏ဥပဒေပြုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဂျပန်နိုင်ငံ အောက်လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဂျပန်နိုင်ငံအထက်လွှတ်တော်ရှိ အထူးဧည့်ခန်းမဆောင်၌ ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. DATE Chuichi နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဂျပန်နိုင်ငံ အထက်လွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ဂျပန်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ဥက္ကဋ္ဌအိမ်တော်၌ ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီကလည်း ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းအသင်းချုပ် (Keidanren) သို့ ရောက်ရှိပြီး ဂျပန်-မြန်မာ စီးပွားရေးကော်မတီဥက္ကဋ္ဌ Mr. KOBAYASHI Ken နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲများနှင့် ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်အောင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအတွင်းရေးမှူး ဦးအင်ထုံးခါးနော်ဆမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးသက်ဆွေ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

အမေချစ်တဲ့ ငြိမ်းချမ်းရေး ခေါင်းစဉ်ဖြင့် လူထုဒေါ်အမာ၏ ၁၀၂ နှစ်ပြည့် မွေးနေ့ပွဲအခမ်းအနား ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

အမေချစ်တဲ့ ငြိမ်းချမ်းရေး ခေါင်းစဉ်ဖြင့် လူထုဒေါ်အမာ၏ ၁၀၂ နှစ်ပြည့် မွေးနေ့ပွဲအခမ်းအနားကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ Yangon Book Plaza တွင် ကျင်းပမည်ဖြစ်ပြီး ငြိမ်းချမ်းရေးလမ်းစဉ်များ ဟောပြောပွဲ၊ ငြိမ်းချမ်းရေး ကဗျာရွတ်ပွဲနှင့် လူထုဒေါ်အမာ၊ လူထုဦးလှတို့၏ စာအုပ်များကို ၂၀ ရာခိုင်နှုန်းလျှော့ ရောင်းချပွဲတို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ကြေးမုံ**

နှစ်သစ်ကူးအခါသမယတွင် အကြမ်းဖက်မှုကျူးလွန်ရန် သံသယရှိသူအား ဩစတြေးလျရဲများ ဖမ်းဆီး

ကန်ဘာရာ နိုဝင်ဘာ ၂၈
နှစ်သစ်ကူးအခါသမယတွင် မဲလ်ဘုန်းမြို့၌ အကြမ်းဖက်လုပ်ရပ် ကျူးလွန်ရန် စီစဉ်လျက်ရှိသည့် သက်ာမကင်းဖြစ်သူတစ်ဦးအား ဩစတြေးလျရဲအရာရှိများက ဖမ်းဆီးခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုဝင်ဘာ ၂၇ ရက်တွင် ၎င်းအား ရဲအရာရှိများက ဖမ်းဆီးခဲ့ပြီး ၎င်း၏အိမ်ကို ဝင်ရောက်ရှာဖွေခဲ့ကြောင်း ရဲအရာရှိများက မီဒီယာသို့ ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံး မြို့တော်ဖြစ်သည့် မဲလ်ဘုန်းတွင် နှစ်သစ်ကူးအခါသမယ၌ အကြမ်းဖက်မှုကျူးလွန်ရန် စီစဉ်လျက်ရှိသည့်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု စုံစမ်းစစ်ဆေးရေးရဲအရာရှိများက ဆိုသည်။

အဆိုပါသံသယရှိသူသည် အသက် (၂၀)အရွယ် ဩစတြေးလျနိုင်ငံသားဖြစ်ပြီး ၎င်း၏မိဘများသည် ဆိုမာလီဖွားများဖြစ်ကြောင်း သိရသည်။ ၎င်းသည် အဆက်မပြတ် ပစ်နိုင်သော သေနတ်တစ်လက်ကို ရရှိရန် ကြိုးပမ်းခဲ့သည်။ ထို့ပြင် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်ရန် အယ်ခိုင်ဒါ စစ်သွေးကြွအဖွဲ့၏ ညွှန်ကြားချက်ပါ ပုံကြမ်းမြေပုံကို ၎င်းထံတွင် လက်ဝယ်တွေ့ရှိခဲ့သည်။

အသက် (၂၀) အရွယ် သံသယရှိသူသည် အိုင်အက်စ် စစ်သွေးကြွအဖွဲ့နှင့်လည်း အဆက်အသွယ်ရှိသည်ဟု ယုံကြည်ရသည်။ ဥရောပနိုင်ငံများတွင် အကြမ်းဖက်မှုများ ဖြစ်ပွားနေချိန်တွင် ၎င်းအနေဖြင့် ဩစတြေးလျနိုင်ငံတွင်လည်း အကြမ်းဖက်မှုများလုပ်ဆောင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

စုံစမ်းစစ်ဆေးရေးရဲအရာရှိများက အဆိုပါသံသယရှိသူသည် တစ်ဦးတည်း လှုပ်ရှားသူဖြစ်သည်ဟု ယုံကြည်ထားသည်။ ၎င်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ခရစ္စမတ်ပွဲတော်နှင့် နှစ်သစ်ကူးအခါသမယအချိန်ကာလအတွင်း အကြမ်းဖက်မှုအန္တရာယ်မှ ကာကွယ်နိုင်ရန် လုံခြုံရေးတိုးမြှင့်ချထားမည်ဖြစ်ကြောင်း တရားရေးရာဝန်ကြီး မိုက်ကယ် ကီးနန်က အလေးပေးပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ

အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ပီကေကေအဖွဲ့ ပစ်မှတ်များအား တူရကီလေတပ် တိုက်ခိုက်ဖျက်ဆီး

အန်ကာရာ နိုဝင်ဘာ ၂၈
အီရတ်နိုင်ငံ မြောက်ပိုင်းဒေသတွင် တူရကီလေတပ်စစ်လေယာဉ်များက ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)နှင့် ဆက်နွှယ်မှုရှိသည့် ပစ်မှတ် ၄၁ ခုကို နိုဝင်ဘာ ၂၇ ရက်နှောင်းပိုင်းက တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း တူရကီစစ်ဦးစီးချုပ်ရုံးမှ ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

တူရကီနှင့် အီရတ်နယ်စပ်အနီး တောင်ကုန်းတောင်တန်းထူထပ်သည့် အီရတ်နိုင်ငံ၏ အေဆို့စ်ဒေသတွင် အဆောက်အအုံများ၊ ပုန်းခိုကျင်းများနှင့် ဥမင်လိုဏ်ခေါင်းများ အပါအဝင် တရားမဝင် လက်နက်ကိုင်များ အသုံးပြုနေသည့်ပစ်မှတ် ၄၁ ခုကို တူရကီလေတပ်မှ စစ်လေယာဉ်များက နိုဝင်ဘာ ၂၇ ရက်တွင် တိုက်ခိုက်ဖျက်ဆီးခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

လေကြောင်းတိုက်ခိုက်မှု၌ ပါဝင်ခဲ့သော တူရကီလေတပ်မှ ဂျက်တိုက်လေယာဉ်များနှင့် မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်များသည် ၎င်းတို့၏ အခြေစိုက်စခန်းများသို့ ဘေးကင်းစွာ ပြန်လည်ရောက်ရှိခဲ့ကြောင်း ကြေညာချက်တွင် ဆက်လက်ဖော်ပြသည်။ တူရကီလေတပ်မှ တိုက်ခိုက်မှုတွင် ပီကေကေ စစ်သွေးကြွများ ထိခိုက်သေဆုံးမှုကိုမူ ဖော်ပြထားခြင်းမရှိပေ။

တူရကီနိုင်ငံထံမှ လွတ်လပ်သော ကာဒစ်နိုင်ငံထူထောင်ရေးအတွက် ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)ကို ၁၉၇၀ ပြည့်လွန်နှစ်များကတည်းက တည်ထောင်ကာ တူရကီအစိုးရကို လက်နက်စွဲကိုင် တိုက်ခိုက်လာခဲ့သည်။

တူရကီနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပသမဂ္ဂတို့က ကာဒစ်အလုပ်သမားပါတီ (ပီကေကေ)အား အကြမ်းဖက်အဖွဲ့အစည်းတွင် စာရင်းသွင်းထားခဲ့ကြသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်းက ကာဒစ်အလုပ်သမားပါတီ (ပီကေကေ) နှင့် တူရကီအစိုးရတို့အကြား ရရှိခဲ့သည့် တိုတောင်းသည့် ပြန်လည်ရင်ကြားစေ့ရေးကာလအလွန်တွင် လက်နက်ကိုင်တိုက်ခိုက်မှုများ ပြန်လည်စတင်ခဲ့ခြင်းကြောင့် တူရကီလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သား ၁၂၀၀ ကျော် သေဆုံးခဲ့ရခြင်းသည် ကာဒစ်အလုပ်သမားပါတီ (ပီကေကေ) တွင် တာဝန်ရှိကြောင်း ဒေသတွင်း သတင်းမီဒီယာက ဖော်ပြသည်။ **ရိုက်တာ**

အေသင်မြို့ဆင်ခြေဖုံးဒေသတွင် လျှပ်တစ်ပြက် ရေကြီးမှုကြောင့် သေဆုံးသူ ၂၃ ဦးရှိလာ

အေသင် နိုဝင်ဘာ ၂၈
ဂရိနိုင်ငံမြို့တော် အေသင်အနောက်ဘက်ပိုင်း ဆင်ခြေဖုံးဒေသဖြစ်သည့် မင်ဒရာတွင် ဖြစ်ပွားခဲ့သော လျှပ်တစ်ပြက်ရေကြီးမှုကြောင့် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်း သေဆုံးသူဦးရေမှာ ၂၃ ဦး ရှိလာခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

အသက် (၇၀) အရွယ် အဘိုးအိုတစ်ဦး၏ ရုပ်အလောင်းကို ရေကြီးမှုဖြစ်ပွားရာဒေသတွင်ရှိသည့် ဂိုဒေါင်တစ်ခုအနီးတွင် မီးသတ်သမားများက ရှာဖွေတွေ့ရှိခဲ့ရသည်။ ၎င်းမှာ ရေကြီးမှု စတင်ဖြစ်ပွားစဉ်က ပျောက်ဆုံးနေခဲ့သူဟု သတင်းများအရ သိသည်။

ယင်းအချိန်အတွင်း၌ပင် အသက် (၈၃) နှစ်အရွယ်ရှိ အဘွားအိုတစ်ဦးသည် သရီအစ်ဆီယို ဆေးရုံအထူးကြပ်မတ်ကုသခန်း၌ ဆေးကုသမှုခံယူနေစဉ် သေဆုံးခဲ့ကြောင်း အမျိုးသားကျန်းမာရေး ခွဲစိတ်ကုသရေးဌာန အကြီးအကဲက ဆင်ဟွာ သတင်းဌာနသို့ ပြောကြားသည်။ လူအသေအပျောက် ရှိသည့် လျှပ်တစ်ပြက် ရေလွှမ်းမှုကြောင့် သေဆုံးရသူ အရေအတွက်မှာ ၂၁ ဦးမှ ၂၃ ဦးအထိ မြင့်တက်လာကြောင်း ၎င်းက ပြောကြားသည်။

ညလုံးပေါက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မင်ဒရာဒေသမှာ လျှပ်တစ်ပြက်ရေလွှမ်းမိုးမှု ကြုံရခြင်းမှ ပြန်လည်ထူထောင်နိုင်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်သည်။ မြင့်တက်လာသော မြစ်ရေများကြောင့် ရွှံ့အနည်အနှစ်များပါဝင်သည့် ရေများ လမ်းမများပေါ် စီးဝင်လာပြီး ၎င်းရေစီးကြောင်းများက ကားများကို သယ်ဆောင်သွားကာ လူနေအိမ်များနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများကို ရေလွှမ်းစေခဲ့သည်။

ယင်းဒေသတွင်း၌ ရေလွှမ်းမိုးမှုကြောင့် လူနေအိမ်ခြေ အလုံး ၂၅၀ ခန့်မှာ ကြီးမားစွာ ပျက်စီးခဲ့ရကြောင်း တာဝန်ရှိသူများက ကနဦးခန့်မှန်း ပြောကြားကြသည်။ **ဆင်ဟွာ**

ကမ္ဘာပေါ်တွင် ရာဇဝတ်မှု ဖြစ်ပွားမှုနှုန်း အနိမ့်ဆုံးနိုင်ငံများစာရင်း၌ ကာတာပါဝင်

ဒိုဟာ နိုဝင်ဘာ ၂၈
ကမ္ဘာပေါ်တွင် ရာဇဝတ်ပြစ်မှု ဖြစ်ပွားမှုနှုန်း အနိမ့်ဆုံးနိုင်ငံများ စာရင်းတွင် ကာတာနိုင်ငံက တစ်နိုင်ငံအဖြစ် ပါဝင်ကြောင်းနှင့် ယင်းအချက်ကြောင့် ကာတာနိုင်ငံသည် လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် အကောင်းဆုံးနေရာတစ်ခုအဖြစ် ယုံကြည်ယူဆရကြောင်း ကာတာသတင်းဌာန (ကျူအန်အေ)က နိုဝင်ဘာ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကာတာနိုင်ငံသည် ကမ္ဘာကြီး၏ အခြားသော အစိတ်အပိုင်းများနှင့် နှိုင်းယှဉ်ပါက အလွန်ဘေးကင်းလုံခြုံသော နိုင်ငံဖြစ်ကြောင်း ကာတာနိုင်ငံ၏ စီမံကိန်းများဖွံ့ဖြိုးတိုးတက်မှုနှင့် စာရင်းဇယားများဆိုင်ရာ ဝန်ကြီးဌာနက ပြသနေကြောင်း၊ ယင်းမှာ ကာတာနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအဆင့်အတန်းကို ပုံရိပ်ထင်စေခြင်းဖြစ်ကြောင်း ကာတာသတင်းအေဂျင်စီက ထုတ်ပြန်သည်။

ကာတာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရာဇဝတ်ပြစ်မှုဖြစ်ပွားမှုနှုန်း အနိမ့်ဆုံး ခုနစ်နိုင်ငံ စာရင်းတွင် ပါဝင်ကြောင်း နောက်ဆုံးထုတ်ဝေသည့် နှစ်ပတ်လည် ကမ္ဘာလုံးဆိုင်ရာ ရာဇဝတ်ပြစ်မှုဆိုင်ရာ အညွှန်းကိန်းတွင် ဖော်ပြသည်။

ဆင်ဟွာ

လက်နက်ကိုင် ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် ဆောင်ရွက်ရန် အခြေအနေများ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၂၈

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသား အစည်းအရုံး (KNU)ဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုတိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများ၊ လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးအတွက် ဆောင်ရွက်ရန် အခြေအနေများနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်နိုင်မည့် အလားအလာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာ-ဘီလာရုစ် စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင် ဘီလာရုစ်ဘက် ဥက္ကဋ္ဌနှင့် State Military Industrial Committee of The Republic of Belarus ၏ First Deputy Chairman ဖြစ်သူ Maj. Gen. Igor Demidenko နှင့် အဖွဲ့အား မွန်းလွဲပိုင်းတွင် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် မြန်မာ-ဘီလာရုစ် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား စစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေး၊ စစ်ဘက်နှင့်မသက်ဆိုင်သည့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများအား သက်ဆိုင်ရာ ဌာနများနှင့် ဆက်သွယ်ဆောင်ရွက်ရေး၊ တပ်မတော် နှစ်ရပ်ကြား ဆက်ဆံရေးမှတစ်ဆင့် နှစ်နိုင်ငံဆက်ဆံမှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**သတင်းစဉ်**

General Principles of Federalism

အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနနှင့် Intermediate တို့ ပူးပေါင်းကျင်းပသည့် General Principles of Federalism အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဖက်ဒရယ်စနစ်၌ ပြည်ထောင်စုအစိုးရနှင့် ဒေသန္တရအစိုးရ အဖွဲ့များအကြား သဘာဝသယံဇာတ အရင်းအမြစ်များ ခွဲဝေသုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊ လူနည်းစု အဖွဲ့အစည်းများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို Intermediate မှ Professor Marc Weller က ဆွေးနွေးပြောကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ အပါအဝင် စုစုပေါင်း ၇၈ ဦး တက်ရောက်ဆွေးနွေးကြသည်။

သတင်းစဉ်

ဖက်ဒရယ်ပြည်ထောင်စုကိုသွားတဲ့အခါမှာ သယံဇာတခွဲဝေမှုအပိုင်းက ဖွံ့ဖြိုးမှုအတွက် ပိုပြီးတော့ အရေးပါလာတယ်

ဒေါက်တာ ဒေါ်ဝါဝါမောင်

တွေ့ဆုံမေးမြန်း
မွေးကြူဇင်(သတင်းစဉ်)
ဓာတ်ပုံ
အေးသန်း(သတင်းစဉ်)

ဖက်ဒရယ်စနစ်၏ ယေဘုယျ စည်းမျဉ်းစည်းကမ်းများ ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပခဲ့သည်။

နှစ်ရက်တာ ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဖက်ဒရယ် ပြည်ထောင်စု၏ တည်ဆောက်ပုံ၊ ဖက်ဒရယ်စနစ်၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် အုပ်ချုပ်မှု အာဏာခွဲဝေ ကျင့်သုံးခြင်း၊ သဘာဝသယံဇာတနှင့် အရင်းအမြစ်များအား ခွဲဝေအသုံးပြုခြင်း စသည်တို့ကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲသို့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသား ကိုယ်စားလှယ်များ၊ ပါဝင်သင့်ပါဝင် ထိုက်သူများအပါအဝင် စုစုပေါင်း ၇၈ ဦး တက်ရောက်ဆွေးနွေးခဲ့ကြပြီး ၎င်းတို့၏ အမြင်များကို ယခုလိုကြား သိရသည်-

ဦးကိုကိုလှိုင်

ဒေါက်တာဒေါ်ဝါဝါမောင်

Professor Marc Weller

စာရေးဆရာ ကျော်ဝင်း

ဦးဂျင်မီ

ဦးကိုကိုလှိုင်
နိုင်ငံတကာရေးရာသုတေသီ

ဒီဆွေးနွေးပွဲမှာ အဓိကအားဖြင့် ဖက်ဒရယ်ပြည်ထောင်စုနဲ့ ပတ်သက်တဲ့ အခြေခံမူဝါဒတွေကို တပ်မတော်၊ အစိုးရနှင့် လွှတ်တော်က အလွတ်သဘောဆွေးနွေးကြတဲ့ သဘောဖြစ်ပါတယ်။ Intermediate မှ ပညာရှင်တွေက ကမ္ဘာ့ပဋိပက္ခ ဆွေးနွေးတဲ့အခါမှာ ထဲထဲဝင်ဝင် လုပ်ကိုင်နေကြတဲ့ သူတို့ရဲ့အမြင်နဲ့ ချဉ်းကပ်ပြီး ဆွေးနွေးကြတဲ့ ဆွေးနွေးပွဲတစ်ခု ဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာ ဖက်ဒရယ်နဲ့ ပတ်သက်တဲ့ အခြေခံမူဝါဒတွေ၊ ဒေသန္တရအုပ်ချုပ်ရေးနဲ့ ပတ်သက်ပြီး ဗဟိုနဲ့ဒေသန္တရ အုပ်ချုပ်ရေးကြားထဲမှာ ဆက်နွှယ်မှုတွေ၊ အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှုနဲ့ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။

နိုင်ငံခြားပညာရှင်တွေက သူတို့ရဲ့ သီအိုရီနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ ဖက်ဒရယ်ကိစ္စ၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာ တွေ့ကြုံရတဲ့ သူတို့ရဲ့သုံးသပ်ချက်တွေကို စုပေါင်းပြီး ဆွေးနွေးကြပါတယ်။ ပါဝင်တက်ရောက်ကြသူတွေကလည်း သူ့အမြင်၊ ကိုယ့်အမြင်တွေကို ဆွေးနွေးခဲ့ကြပြီး မသိတာတွေကိုလည်း အပြန်အလှန် တက်တက်ကြွကြွ ဖလှယ်ခဲ့ကြပါတယ်။ ဆွေးနွေးပွဲက အောင်မြင်တယ်လို့ပြောရမှာ ဖြစ်ပါတယ်။ ပြင်ပပညာရှင်တွေနဲ့ ဒီမှာပါဝင် လုပ်ကိုင်နေကြတဲ့ အမြင်နှစ်ခုကို နှိုင်းယှဉ်ထင်ဟပ်ပြီး ဆွေးနွေးနိုင်ခဲ့တဲ့အတွက် အောင်မြင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။

ဒေါက်တာ ဒေါ်ဝါဝါမောင်
ညွှန်ကြားရေးမှူးချုပ်
ဗဟိုစာရင်းအင်းအဖွဲ့

ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်တဲ့အခါမှာ သက်ဆိုင်ရာဒေသနဲ့ ပြည်နယ်တွေကိုလည်း အားလုံးပါဝင်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သွားနေတာ ဖြစ်ပါတယ်။ ပြည်နယ်တိုင်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် သယံဇာတ(Resources)က အဓိကဖြစ်ပါတယ်။ သယံဇာတကို ခွဲဝေ အသုံးပြုတဲ့အခါမှာ သက်ဆိုင်ရာ ဒေသမှာရှိတဲ့ ဦးဆောင်သူတွေက မိမိဒေသဖွံ့ဖြိုးတိုးတက်မှုမှာ အလိုအပ်ဆုံးဖြစ်တဲ့ လိုအပ်ချက်တွေအပေါ် မူတည်ပြီး ဦးစားပေး အစီအစဉ်တွေ ချမှတ်ကာ ဒေသထွက် သယံဇာတတွေနဲ့ စနစ်တကျ ခွဲဝေအသုံးပြုရမှာဖြစ်ပါတယ်။

မိမိရဲ့ဒေသမှာ လမ်းပန်းဆက်သွယ်ရေး၊ တံတား၊ ရေ၊ မီး၊ လျှပ်စစ်တွေနဲ့ ပတ်သက်ပြီး ပါဝင်ဆောင်ရွက်မှုတွေမှာ ဒေသကနေဦးဆောင်ပြီး စီမံကိန်းတွေရေးဆွဲတဲ့အခါမှာ ဒေသန္တရ စီမံကိန်းဆိုတာ အရေးကြီးပါတယ်။ ဒီစီမံကိန်းတွေက သူတို့ချမှတ်တဲ့ စီမံကိန်း၊ အတည်ပြုတဲ့ စီမံကိန်း၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် လိုအပ်နေတဲ့ စီမံကိန်းတွေကို ownership ရယူရမှာဖြစ်ပါတယ်။ ownership ယူမှသာလျှင် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူတွေ ဖွံ့ဖြိုးမှုမှာ ပိုပြီးတော့ ပါဝင်လာမှာ ဖြစ်ပါတယ်။

ဖက်ဒရယ်စနစ်ရဲ့ အောက်မှာ သယံဇာတခွဲဝေမှုတွေရှိတယ်။ သယံဇာတခွဲဝေမှုတွေက ပြည်ထောင်စုက ချမှတ်ပေးထားတဲ့ ဘတ်ဂျက်တွေရှိတယ်။ ဒေသတွင်းမှာ သက်ဆိုင်ရာ ဒေသဆိုင်ရာအစိုးရကနေ ကောက်ခံနိုင်တဲ့ အခွန်တွေရှိတယ်။ နောက်ပိုင်း ဖက်ဒရယ်ပြည်ထောင်စုကို သွားတဲ့အခါမှာ သယံဇာတခွဲဝေမှုအပိုင်းက ဖွံ့ဖြိုးမှုအတွက် ပိုပြီးတော့ အရေးပါလာတယ်။ ထိရောက်တဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံခန့်ခွဲတဲ့နေရာမှာလည်း ပိုပြီးတော့ အရေးပါလာပါတယ်။

Professor Marc Weller

ပင်လုံညီလာခံမှာ သဘောတူညီချက် တော်တော်လေးကို ရပါတယ်။ ရရှိထားတဲ့ ဆွေးနွေးမှုတွေကို အများကြီး အားရမိပါတယ်။ ဖက်ဒရယ်ပြည်ထောင်စု တစ်ခု၊ ဖက်ဒရယ်နည်းနဲ့ဖြစ်နေတဲ့ ပဋိပက္ခတွေကို ဖြေရှင်းသွားတဲ့အခါမှာ အရေးကြီးတဲ့ အခြေခံမူတွေကိုလည်း ဆွေးနွေးခဲ့ပြီး သဘောတူကြပြီး ဖြစ်ပါတယ်။ စစ်မှန်တဲ့ဒီမိုကရေစီနည်းကျ ဖက်ဒရယ်တည်ဆောက်ဖို့နဲ့ပတ်သက်လို့ အသေးစိတ်အချက်တွေက အများကြီးဆွေးနွေးဖို့ ကျန်ပါသေးတယ်။ ဒီလိုညှိနှိုင်းဆွေးနွေးမှုတွေ အသေးစိတ်လုပ်နိုင်ဖို့၊ လိုအပ်တဲ့ စွမ်းအင်တွေရဖို့ကို လေ့လာသင်ယူပြီး အချိန်ပေးတဲ့အတွက် အားရမိပါတယ်။ ပြည်သူတွေရဲ့ဆန္ဒကို ကိုယ်စားပြုပြီး တကယ်စစ်မှန်မှုကို အားလုံးက အချိန်ပေးလုပ်ဆောင်နေတယ်လို့မြင်ပါတယ်။

ဒီအစည်းအဝေးက မကြာခင်မှာ ဆွေးနွေးမယ့် အကြောင်းအရာနဲ့ ပတ်သက်ပြီး သိရှိဖို့အတွက် ရည်ရွယ်ချက်ဖြစ်ပါတယ်။ ယခု ဆွေးနွေးတဲ့အခါမှာ ဖက်ဒရယ်ပြည်ထောင်စုတစ်ခုရဲ့ အခြေခံမှာ ပါဝင်ရမယ့်အချက်တွေကို ဆွေးနွေးခဲ့ပါတယ်။ နိုင်ငံရဲ့ချမ်းသာကြွယ်ဝမှု၊ ဝင်ငွေတွေကို ခွဲဝေမှုအပိုင်းတွေလည်း ပါဝင်တယ်။ သဘာဝသယံဇာတနှင့်ပတ်သက်လို့ သက်ဆိုင်ရာဒေသတွေမှာရှိတဲ့ အကျိုးစီးပွားတွေ၊ ပြည်ထောင်စုတစ်ခုလုံးရဲ့အကျိုးစီးပွား နှစ်ခုကို ယှဉ်ပြီးတော့ ထည့်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

စာရေးဆရာ ကျော်ဝင်း

အဓိက သီအိုရီပိုင်းနဲ့ နိုင်ငံတကာအတွေ့အကြုံ၊ မြန်မာပြည်ရဲ့ဆက်သွယ်မှုလည်း ပါသင့်သလောက် ပါဝင်ပြီး အကျိုးရှိပါတယ်။ ဆွေးနွေးမှုက အသက်ဝင်တယ်လို့ ပြောလို့ရပါတယ်။

ဦးဂျင်မီ

ဆွေးနွေးချက်တွေက ဖက်ဒရယ်နဲ့ ပတ်သက်ပြီးတော့ ကျင့်သုံးဖို့နဲ့ လုပ်ဆောင်ဖို့အတွက် အတွေ့အကြုံတွေကို ပြန်ပြီးတော့မျှဝေတဲ့သဘော ဖြစ်ပါတယ်။ မြန်မာနိုင်ငံက အခုမှသာလျှင် ဖက်ဒရယ်စနစ်ကို တည်ဆောက်ကြမယ်။ ဒီမိုကရေစီ တည်ဆောက်ကြဖို့အတွက် အစဖြစ်ပါတယ်။ အရေးကြီးဆုံးက နောင်လာနောက်သားတွေ ပြုရပြင်ရတာလွယ်တဲ့ ဖွဲ့စည်းပုံအခြေခံတစ်ခု ထားခဲ့ဖို့ အရေးကြီးပါတယ်။ ဖက်ဒရယ် constitutions တည်ဆောက်ပြီးရင် နောင်လာနောက်သားတွေ အလွယ်တကူ ပြင်နိုင်တဲ့ အခွင့်အရေးတစ်ခု ပေးထားနိုင်ခဲ့တာဖြစ်ပါတယ်။ ။

ကြေးမုံ ဖတ်ကြည့်

မြန်မာစာပေပြန့်ပွားရေး၊ တိုးတက်ထွန်းကားရေးနှင့် စာဖတ်ပရိသတ်များ စာအုပ်စာပေအပေါ်တွင် ပိုမိုစိတ်ဝင်စားမှုရှိစေရေးအတွက် “ကြေးမုံဖတ်ကြည့်” ကဏ္ဍသစ်ကို ဖွင့်လှစ်လိုက်ပါသည်။ ကြေးမုံဖတ်ကြည့်ကဏ္ဍသည် စာအုပ်ထုတ်ဝေမှုသတင်းများကိုလည်း ပုံမှန်ဖော်ပြပေးခြင်းဖြင့် စာသမားများ၏ချစ်ခြင်းကို တစ်ဖက်တစ်လမ်းမှ ကူညီပေးလိုပါသည်။ ပုံနှိပ်ထုတ်ဝေမှုသတင်း “ကြေးမုံဖတ်ကြည့်” ကဏ္ဍဟု ထင်ရှားစွာ လိပ်မူ၍ အမှတ် (၇၇)၊ (၅၂)လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ သတင်းစာတိုက်သို့ ပေးပို့နိုင်ကြပါသည်။

ကျော်စောမင်း

၁။အနာမသိ ဆေးမရှိ

ဆေးပညာဆွေးနွေးချက်တစ်ခုကို မြင်ယောင်မိပါသည်။ လူ၊တိရစ္ဆာန် အစရှိသောသက်ရှိသတ္တဝါတစ်ဦး (ကိုယ်အလေးချိန်ကလည်း ပေါင် ၅၀ မှ ၁၅၀ အတွင်း ဆိုကြပါစို့။ သိပ်ငယ်လွန်း၊ သိပ်ကြီးလွန်းနေလျှင် ပုံမှန်ထဲ အသွင်းရခက်မည်စိုး၍ဖြစ်သည်) ထိုသက်ရှိသတ္တဝါ၏အမျိုးအမည်ကို Aဟု ဆိုပါစို့။

A က အန်နေသည်။ ဘယ်လိုကုမလဲ။ Symptomatic Treatment သဘော အရတော့ အန်နေတာကို ရပ်အောင်လုပ်မည်။ ဤနည်းကို ငါးပွက်ရာ ငါးစာချနည်းဟုခေါ်နိုင်မည်ထင်သည်။ ဆေးပညာနှင့်သိပ်မနီးစပ်လှသောသူများကြားမှာ ဟုတ်ယောင်ထင်ယောင် ညွှန်ကြားချက်တစ်ခုရှိနေတတ်ပြန်သည်။ Removal of the cause ဟု ဖြစ်သည်။ အကြောင်းကို ပယ်ခြင်းဟု အဓိပ္ပာယ်ရသည်။ အကြောင်းကြောင့် အကျိုးဖြစ်လာသည်ဖြစ်ရာ အန်တာတွေ့လျှင် အန်စေသော မူလဘူတ (အကြောင်းရင်း) ကို ပယ်ထုတ်ကုသလျှင် ဆေးချက်မှန်ပြီဟု ယူဆခြင်းဖြစ်သည်။ သဘောသွားအရတော့ symptomatic လက္ခဏာကို လိုက်၍ ကုသပုံ (ငါးပွက်ရာငါးစာချပုံ)နှင့် ခပ်ဆင်ဆင်ဖြစ်ပါ၏။ တူတော့မတူ။

အန်တာကို တွေ့တိုင်း မအန်ဆေး၊ အအန်ရပ်ဆေးပေးလို့ မရပါ။ Reverse Peritalsis ခေါ် အထက်လှန်ခြင်းကြောင့် ဆိုးဆိုးရွားရွားတွေ ဆက်ဖြစ်လာတော့မည်ဆိုမှသာ အန်ခြင်းကို ထိန်းရပါသည်။ များသောအားဖြင့်တော့ အန်ဖတ်က လေပြွန်ကို မဆို့အောင်နှင့် ရေဓာတ်ခန်းခြောက်၍ ရှော့ခ်ဖြစ်ခြင်းကို တားဆီးရအောင်သာ ပထမအဆင့်အဖြစ် ကြိုးစားရသည်။

အစာအဆိပ်သင့်၍ အန်တာမျိုးတွင် အစာအိမ်ကို ဆေးကြော၍ပင် ပေးရပါသည်။ ဤလိုအနေအထားမျိုးတွင် အအန်ရပ်ဆေး၊ မအန်ဆေးပေးလိုက်ပါလျှင် အစာအဆိပ်များ ကိုယ်ထဲပိုဝင်ပြီး ပေါ့စေလိုလို့ ကြောင်ရုပ်ထိုးကာမှ ဆေးအတွက်လေးသွားနိုင်ပါသည်။

ဤမျှ ရှည်ရှည်လျားလျား ရေးပြနေသည်မှာ အကြောင်းရှိပါသည်။ ယနေ့ခေတ်၏ မီဒီယာပေါ်တွင် ဆေးနည်းတိုများ ခေတ်စားလှသည်။ ဖေ့စ်ဘွတ်လို လူမှုကွန်ရက် အင်တာနက်မီဒီယာမှအစ ပုံနှိပ်မီဒီယာများအထိတွင် (ရှေးတုန်းက ဆေးမြီးတိုဟု ခေါ်ခဲ့ကြသော) ဆေးနည်းတိုတွေ ပလူပျံ့နေကြသည်။ အင်တာနက်မှာဆိုလျှင် အဆင့်ဆင့် လက်ကမ်းမှုများကြောင့် အလွန်ပျံ့နှံ့လွယ်သည်။

ဤနေရာတွင် ကြားဖြတ်၍ လမ်းကြောင်းပြောင်းခွင့်ပြုစေလိုပါသည်။ ယနေ့ခေတ်တွင် တိုင်းရင်းဆေးများကို alternative medicine ဆိုပြီး ဆေးပညာမှာ နေရာပေးလာကြပါပြီ။ သို့သော် ၁၉၅၀ ပြည့်နှစ် ဝန်းကျင်ခေတ်ပေါ်ဆေးပညာ အရှက်ဦးကာလတွင်ကား အချို့အနောက်တိုင်းဆေးပညာ သင်ယူတတ်ကျွမ်းသော ဆေးပညာရှင်များသည် ကိုယ့်ရိုးရာဆေးပညာ တိုင်းရင်းဆေးပညာကို အထင်သေးစကား ပြောလေ့ရှိကြသည်။ ကွမ်းရွက်ပြုတ်ရယ်၊ လျက်ဆားရယ်၊ သွေးဆေးရယ်နဲ့ ဘာလာလာလုပ်စားနေကြတာပဲ၊ သိပ္ပံနည်းမကျဘူး ဆိုတာမျိုး မဆင်မခြင်ပြောတတ်ကြသည်။ ပညာအမြော်အမြင် နည်းသူများတွင် ပို၍ တွေ့ရသည်။ နန်းတွင်းဆေးကျမ်းများကိုကြည့်ပါ။ တောင်သာခြောက်လုံးကောက်ဋီကာ၏ အရင်းအမြစ်ကို ကြည့်ပါ။ ခေတ်မီအနောက်တိုင်းဆေးပညာမပြောနှင့်၊ ထိုပုဂ္ဂိုလ်များ နေထိုင်ရာဒေသတွင် အိမ်တို့၊ လမ်းတို့ မရှိခင်ကာလမှာပင် အရှေ့တိုင်းမှာ အာယုဗေဒ ဆေးပညာ ရှိနေခဲ့ပြီကို ကြည့်ပါ၊ ဧရာဝတီမြစ်ဝှမ်းမှာ အခြေပြုခဲ့သော မြန်မာလူမျိုးတို့ ယနေ့အထိ ဆက်လက်တည်တံ့နေသည်ကို ကြည့်ပါဟုပဲ ပြောရပါတော့သည်။

ဆေးနည်းတိုများအကြောင်း ပြန်ကောက်ပါဦးမည်။ ဆေးနည်းတိုများကတော့ နေရာတိုင်းမှာ သင့်သည် မဟုတ်ပါ။ အန်သည့်ကိစ္စကိုပဲကြည့်ပါ။ အန်နေတိုင်း အအန်ရပ်ဆေး၊ မအန်ဆေး မပေးရပါ။ အန်နေရင် ဒါလေးနဲ့ ဟိုဟာလေးရောပြီး ဆန်ဆေးရည်နဲ့သောက် ဆိုတာမျိုးက အသက်ကိုထိခိုက်စေနိုင်သည်အထိ အန္တရာယ်ပေးနိုင်တာမျိုးရှိလာတတ်သည်။ အသက်ကို အန္တရာယ်ပြုလာနိုင်သည့်ဆေးနည်းတိုများ (ဥပမာ-ခေါင်းမူးခြင်းကို အချိဓာတ်ပါသော ပစ္စည်းတစ်မျိုးမျိုးတိုက်ကျွေးခိုင်းရာတွင် ထိုခေါင်းမူးခြင်းက ဆီးချိုသွေးချိုတက်နေ၍ ခေါင်းမူးခြင်းဖြစ်လျှင်၊ ဤသို့သောအလွယ်နည်းများ)သည် ဆိုးကျိုးကို ပိုပေးနိုင်သည်ဖြစ်၍ သတိထားရပါသည်။ ဝေငှသူများ သတိရှိကြဖို့ဖြစ်ပါသည်။ ဆေးပညာနှင့်ပတ်သက်လာလျှင် အချက်နှစ်ချက်ကို ဦးစွာသတိထားရသည်။ ဘာမှမဟုတ်ပါဘူး၊ ဒါလေးလုပ်လိုက်ဆိုတာမျိုး လက်လွတ်စပယ် မပြောမိဖို့နှင့် တရားလွန် မခြောက်လှန့်မိဖို့ဖြစ်သည်။ တချို့ကဆိုလျှင် ရေသန့်ဘူးမှ လက်ကျန်ရေသည် နောက်တစ်နေ့တွင် အဆိပ်ထက်ဆိုးရွားသည်၊ မသောက်နှင့် ဆိုတာမျိုး ခြောက်လှန့်တတ်ပါသည်။

တချို့ကတော့ စေတနာကောင်းဖြင့် မျှဝေလက်ကမ်းခြင်းဖြစ်သည်။ ဒီလိုကိစ္စမျိုးကြောင့် မိတ်ဆွေတစ်ဦး ဒုက္ခရောက်ရပုံပြောရပါဦးမည်။ သည်းခြေကျောက်တည်လျှင်၊ အသည်းတို့ သည်းခြေတို့ အားကောင်းချင်လျှင် တစ်နေ့ ပန်းသီးငါးလုံးစားဆိုသော စာကိုဖတ်ပြီး (ပန်းသီးလည်းစားရသေး ဇိမ်ပဲဟု တွေးကာ) တစ်နေ့ ပန်းသီးငါးလုံးစားရာ ဒုတိယနေ့ ညမှာပင် ဆေးရုံရောက်ပြီး ကြီးကြီးမားမားကုသမှုခံယူလိုက်ရသည့်အဖြစ်။

ထို့ကြောင့် ဆေးနည်းတိုကို မျှဝေရာတွင် သတိပြု (Share လုပ်ရာတွင် ဆင်ခြင်ပါ)ဟု ပြောလိုပါသည်။

သို့သော် ဆရာနှင့် ပတ်သက်ပြီး ကျွန်တော်တစ်ခု စိတ်မကောင်းဖြစ်ရသည်မှာ ဆရာ့ကို ပင်ကိုရေးများတွင်လည်း ထူးချွန်သော ရသစာရေးဆရာအဖြစ် မြင်ကြသူ ဦးရေက လူငယ်များကြားတွင် ရှားပါးခြင်း ဖြစ်သည်။ လူငယ်များက ဆရာမြသန်းတင့်ဟုဆိုလိုက်လျှင် စစ်နှင့်ငြိမ်းချမ်းရေးမှအစ ရွှေပြည်တော်မျှော်တိုင်းဝေးအထိဖြစ်သော ဘာသာပြန်ဝတ္ထုကြီးများနှင့် တွဲမြင်ကြလေ့ရှိ

၂။ပျားရည်တစ်ဝက်

ပန်းပေါင်းစုံတို့ထံမှ ဝတ်ရည်စုဆောင်းပြီးနောက် ပျားတို့၏ အင်ဇိုင်းများဖြင့် မွမ်းမံလိုက်သောအခါ ပျားရည်အစစ်ကို ရလာသည်။(ထန်းမှရသော) သကာရည်၊ (ကြံမှရသော)တင်လဲရည်တို့ဖြင့် ပျားရည်ယောင်ဆောင်သော ပျားရည်အတုလည်း ရှိသေး၏။ အစစ်ပင်ဖြစ်သော်လည်းအတုဟု ရဲရဲခေါ်နိုင်သော ပျားရည်တစ်မျိုးလည်း ရှိသေး၏။ ပျားအုံများကို အလုံပိတ်အခန်းတွင်းမှာ စီချထားပြီး သကြားဗန်းများချပေးထားသောအခါ ပျားတို့ကသကြားတွေလာသယ်ပြီး အင်ဇိုင်းဖြင့် ဓာတ်ပြုပေးရာမှ ရလာသော ပျားရည်များဖြစ်သည်။ပန်းနှင့်သက်ဆိုင်မှုလုံးဝမရှိ။ ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၈ ခုနှစ်လောက်အတွင်းတွင် မြန်မာ ဈေးကွက်အတွင်း ဤလိုသကြားပျားရည် အလွန်တွင်ကျယ်ခဲ့ဖူးသည်။

ကြုံ၍ပြောပါဦးမည်။ အမေရိကန်ဈေးကွက်တွင် ပျားရည်အတုရှိသည်။ သူတို့ ဥပဒေအရ ပျားရည်အတုဆိုလျှင် အစစ် ၇၅ ရာခိုင်နှုန်းထက် မနည်းပါဝင်ရသည်။ FDA ခေါ် အစားအသောက်နှင့်ဆေးဝါးကြီးကြပ်မှုအဖွဲ့၏ခွင့်ပြုချက်ရရှိပြီးဖြစ်ရသည့်အပြင် ပုလင်း၊ ဘူးပေါ်တွင်လည်း ပျားရည်အတု Artificial honey ဟု ထင်ရှားစွာ ရိုက်နှိပ်ထားရသည်။ ကြုံ၍ ပြောခြင်းဖြစ်ပါသည်။

စာရေးဆရာသည် ပျားရည်ထုတ်လုပ်နေသော ပျားနှင့်တူသည်။ အပွင့်မျိုးစုံမှ ဝတ်ရည်တို့ကို တကူးတက သွားရောက်သယ်ဆောင်ပြီး မိမိ၏ အာခံတွင်းမှ အင်ဇိုင်းဖြင့် ပြုပြင်၍ ပျားရည်ထုတ်လုပ်သည်။ ဘာသာပြန်လက်ရာများက သကြားပျားရည်တို့ သကာရောပျားရည်တို့နှင့်တူစဉ် ပန်းဝတ်ရည်အစစ်ဖြင့်ပြုပြင်စီရင်အပ်သော ပျားရည်အစစ်က ဆေးဖက်ဝင်သည်။ တန်ဖိုးကြီးသည်။ (အတုကို ဈေးကြီးကြီးပေးလိုက်ရခြင်းလည်း ရှိတတ်ပါသည်)

ဆရာမြသန်းတင့်ကို ကျွန်တော် နှမြောသည်။သူသည် (စာရေးဆရာ တင့်တယ်လိုပင်) BA, BL ဘွဲ့ရပြီးမှ တစ်သက်လုံးစာရေးဆရာပဲလုပ်စားခဲ့သူဖြစ်သည်။ တာရာခေတ်မှ စတင်ရေးသားခဲ့သော ဝတ္ထုတိုများနှင့် လိုက်ခဲ့တော့ မြနန္ဒာမှ မာယာဘုံအထိ လုံးချင်းဝတ္ထုများသည် သူ၏ ပင်ကိုစွမ်းရည်ကို ပြနေကြသော ပျားရည်များဖြစ်သည်။ ကျွန်တော်ဆက်၍ ရေးချင်သောဝတ္ထုများက အသွင်သစ်ဝေဖန်ရေးဖြစ်သည်။ ဝေဖန်စာဆိုသည်မှာ အဝေဖန်ခံပစ္စည်းများအကြောင်းကို ပြောသည့်နည်းတူ ဝေဖန်သူ၏ ကိုယ်တိုင်ရေး ပုံတူလည်း ဖြစ်သည်။ “ကျွန်တော်ဆက်၍. . . . ”တွင် ဆရာမြသန်းတင့်၏ပုံတူကို ရှင်းရှင်းမြင်နိုင်သည်။

သို့သော် ဆရာနှင့်ပတ်သက်ပြီး ကျွန်တော်တစ်ခု စိတ်မကောင်းဖြစ်ရသည်မှာ ဆရာ့ကို ပင်ကိုရေးများတွင်လည်း ထူးချွန်သော ရသစာရေးဆရာအဖြစ် မြင်ကြသူ ဦးရေက လူငယ်များကြားတွင် ရှားပါးခြင်းဖြစ်သည်။ လူငယ်များက ဆရာမြသန်းတင့်ဟုဆိုလိုက်လျှင် စစ်နှင့်ငြိမ်းချမ်းရေးမှ အစ ရွှေပြည်တော်မျှော်တိုင်းဝေး အထိဖြစ်သော ဘာသာပြန်ဝတ္ထုကြီးများနှင့် တွဲမြင်ကြလေ့ရှိသည်။ “တောင်သမန်ရွှေအင်းမှာ လေညင်းဆော်တော့” ကိုပင်လျှင် ဘာသာပြန်သက်သက်ဟု ထင်နေကြလေသည်။

‘ဧကရီပန်းသည်မနှင့် ကျွန်တော်’ စာအုပ်ငယ်လေးသည် ငယ်သော်လည်း တန်ဖိုးကြီးသည်ဟု ကျွန်တော်ထင်ပါသည်။ သူ့ထက် ငယ်ပြီး ကောင်းတော့ ကောင်းသော ဧကရာဇ်တို့၏ ဘဏ္ဍာတိုက်များမှာ ဘာသာပြန်ဖြစ်သည်။ ဧကရီ. . . . တွင်လည်း စာပေရေးရာ၊ လူမှုရေးရာတို့နှင့် ပတ်သက်သော ဘာသာပြန်ဆောင်းပါးများပါပါသည်။ သို့သော် ကျန်ပင်ကိုရေးများက ဆရာမြသန်းတင့်ဆိုသည်မှာ ဘယ်လိုပါဟု ပြောပြနေကြလေသည်။ သားအငယ်ကို သာသနာ့ဘောင်သို့ သွတ်သွင်းခြင်းအကြောင်း ရေးထားသော ရှင်ဉာဏက္ကန္ဓဆောင်းပါး၏ အဆုံးတွင် မထင်မှတ်သော ရိုက်ချက်တစ်ချက်ဖြင့် စာဖတ်သူ၏ ရင်ကိုလှိုက်ဟာသွားစေသည်ဟု ခံစားမိပါသည်။ ပျားရည်အစစ်တစ်ဝက်က ချိုမြိန်လှသည်။

မြသန်းတင့်
ဧကရီပန်းသည်မနှင့် ကျွန်တော်
နေရီရီ စာအုပ်တိုက်
မတ် ၂၀၀၇ (လွန်ခဲ့သော ဆယ်နှစ်ကျော်)

၃။စုတုပြု

မြန်မာစာပေအတွက် ကျေးဇူးရှင်တစ်ပါးဖြစ်သော ဆရာမင်းသုဝဏ်က စာရေးသူတို့မည်သည် စုတုပြု ဆိုသော အဆင့်သုံးဆင့်ကို ဖြတ်ကျော်ကြရကြောင်း ညွှန်ပြဖူးပါသည်။ ဗဟုသုတများကို ရနိုင်သလောက် ဖြည့်ဆည်းရသောအဆင့်(ဝါ)စာဖတ်သူအဆင့်၊ ထို့နောက် မိမိနှစ်သက်ရာစာမျိုးကို လိုက်လံတုပပြီး ရေးသားသော အဆင့်(ဝါ) လေ့ကျင့်ရေးအဆင့်နှင့် မိမိကိုယ်ပိုင်ဟန်ကို ထူထောင်၍ ကိုယ်ပိုင် အသိအမြင်များကိုရေးသော အဆင့်(ဝါ)ပင်ကိုဖန်တီးမှုအဆင့်တို့ကို ပြောခြင်းဖြစ်သည်။

စာပေအင်တာဗျူးများ၊ စာပေဆောင်းပါးများတွင် စာရေးဆရာတို့၏ လမ်းကြောင်းနှင့် အလုပ်ခွင်ကိုတွေ့မည်။ ကဗျာ၊မဂ္ဂဇင်းများ (ဥပမာ-နှင်းဆီဖြူဂျာနယ်)တွင် ကဗျာဆရာတို့၏ လမ်းကြောင်းနှင့် အလုပ်ခွင်ကိုတွေ့မည်။ လမ်းကြောင်းဆိုသည်မှာ စုတုပြုခဲ့ရာ ခရီးရှည်ကိုဆိုလိုသည်။ အလုပ်ခွင်ဆိုသည်မှာ လောကခြင်းရာတို့ကို ရှုမြင်ပြီး ကိုယ့်ခံစားမှု၊ ကိုယ့်အမြင်များကို ရသစာပေအဖြစ် ပြောင်းယူပုံဖြစ်သည်။ နိုင်ငံခြားမဂ္ဂဇင်း၊ ဂျာနယ်များ၊ အထူးသဖြင့် စာပေကိုအထူးပြုသော စာစောင်များတွင် writers at work ဆိုသောခေါင်းစဉ်မျိုး၊ အင်တာဗျူးဆိုသော ခေါင်းစဉ်မျိုးဖြင့် တွေ့ရလေ့ရှိသည်။ writers at work မှာလည်း တွေ့၊ မေး၊ ရေး အမျိုးအစားပင်ဖြစ်သည်။မေးသူ၊ရေးသူက အလွန်ဝမ်းစာပြည့်ဖို့လိုသည်။ နောက်ဆုံးထွက်သည့် ဟိုဝတ္ထုလေးအကြောင်း ပြောပါဦးဆိုတာမျိုးက အင်တာဗျူးမဟုတ်ပေ။ ထို့တူ ကိုယ်သိကိုယ်တတ်နှင့် ခြေဆင်းရှည်ရှည်တွေနှင့် ကိုယ့်ကိုယ်ကိုယ်ပဲ ကြော်ငြာတင်နေခြင်းမှာလည်း အင်တာဗျူးသမား စစ်စစ်၏အလုပ်မဟုတ်ပေ။ သူ့စာတွေကို အကျေအလည်ဖတ်ထားပြီး ထောက်ကွက်ကလေးတွေနှင့် ရတနာတူးသလို တူး ထုတ်ပြနိုင်မှသာ စာပေအင်တာဗျူး စစ်စစ်ဖြစ်သည်။မတြာနှင့်မိတာ ဘာကွာမှန်းမသိဘဲ ကဗျာဆရာကို သွားပြီးအင်တာဗျူးလျှင် ရယ်စရာပဲဖြစ်မည်။ ပညာပြခြေဆင်းတွေတစ်လှေကြီးချီပြီးမှ အဲဒါဟုတ်ပါသလားဆရာဆိုတာမျိုးမေးလျှင် အမေးခံရသူ စာရေးဆရာအဖို့ ခေါင်းညိတ်ခေါင်းခါလုပ်ရုံအပြင် ပိုမရှိ။ ပရိသတ်က သိချင်သည်မှာ သူ့အကြောင်း ဖြစ်သည်။ ကိုယ်ကကြော်ငြာဝင်ထိုးနေလျှင် ပရိသတ်၏ မေတ္တာတုံးအဖြစ်သို့ ရောက်သွားမည်။ ရုပ်သံမှလွှင့်နေသော တချို့စာပေအင်တာဗျူးများတွင် ပရိသတ်ကျဆင်းလာခြင်း၏ အကြောင်းရင်း နှစ်ခုရှိသည်။ ကိုယ်ခံအားလည်း မကောင်း၊ ပရိသတ်ကလည်း မသိချင်သော သူများကို ဆွဲတင်နေမှုနှင့်အင်တာဗျူးသူက ပညာပြကြော်ငြာထိုး လေကြောရှည်နေခြင်းဖြစ်သည်။ ကြုံ၍ ပြောရဦးမည်။ Panel Discussion ခေါ် ပညာရှင်ဆွေးနွေးပွဲများတွင် Moderator ခေါ် စပ်ဟပ်ပေးသူပါရသည်။ အလှည့်ကျ အချိန်အဆအတူတူ ဆွေးနွေးနိုင်ကြရန် ထိန်းပေးသူဖြစ်သည်။ သူ့မှာ ဘာသာရပ်ကိစ္စဝင်ဆွေးနွေးခွင့်မရှိ။ သူ့အမြင်တွေ၊ သူ့အတွေ့အကြုံတွေ ပြောပြနေခွင့်မရှိ။ ပွဲကို ထိန်းပေးရန်သာ တာဝန်ရှိသည်။ ယခုတော့ ပညာရှိဝင်ဝင်လုပ်သော မော်ဒရေတာများကို တွေ့ရတာ များလှပါပြီ။

စာအုပ်အကြောင်း ဆက်ပြောပါစို့။ စာပေအင်တာဗျူးများတွင် အဓိက ရှာဖွေကြသည်မှာ ထိုစာရေးဆရာ ကဗျာဆရာ၏ လမ်းသစ်ထွင်ပုံ၊ ထူးမခြားနားကြားမှ ဖောက်ထွက်ပုံတို့ကို ဖြစ်သည်။ ဤလိုအင်တာဗျူးများဖတ်ပြီး စုတုပြုနေသူများတွင် စိတ်ကူးသစ်တွေ၊ အားအင်သစ်တွေရလာတတ်ပါသည်။ နိုင်ငံခြားစာရေးဆရာ ကဗျာဆရာများ၏ အင်တာဗျူးများကို ဖတ်လျှင် ထိုသူ၏ မူရင်းဝတ္ထုများ၊ ကဗျာများကို ရှာဖွေဖတ်ချင်စိတ်ပင် ပေါ်လာတတ်သည်။ ဤလိုအင်တာဗျူးမျိုးသည် စာရေးသူများ၊ စာပေဝါသနာရှင်များအတွက် အရေးကြီးလှပါသည်။

ဟဲမင်းဝေးသည် ကျစ်လျစ်သော စကားပြေတွင် နာမည်ကြီးသူဖြစ်သည်။ ဂျိမ်းဘာသာကတော့ ပုံပြင်ဟန်သစ်များဖြင့် နာမည်ကျော်သော်လည်း အတွင်းစိတ်ကို မြင်တတ်မှုတွင် နာမည်ကြီးသော ဟာသစာရေးဆရာဖြစ်၏။ ကက်သရင်း အန်းပေါ်တာ (Anne=အင်နီမဟုတ်)မှ ယူဒိုရာဝယ်လ်တီ (Eudora=အူဒိုရာမဟုတ်) အထိ စာရေးဆရာများကိုတော့ မြန်မာ ပရိသတ်စိမ်းနေဦးမည်။ ဟာကျင် (Ha Jin) မှာ တရုတ်နိုင်ငံသားဖြစ်သော်လည်း အမေရိကန်သို့ ရွှေ့ပြောင်းနေထိုင်ပြီး အင်္ဂလိပ်စာ ပါရဂူဘွဲ့ယူကာ ပါမောက္ခအဖြစ်ထမ်းဆောင်နေသည်။ တရုတ်နိုင်ငံ၏ မော်စီတုန်းခေတ်အတွေ့အကြုံများကို ဝတ္ထုရေးလေ့ရှိသည်။ သူ့စာအုပ်များမှာ (နိုဘယ်ဆုမပါ) စာပေဆုကြီးတွေရသည်။

ထိုစာရေးဆရာများ၏ အတွေးအမြင်များကို သယ်ဆောင်ပေးခြင်းအတွက် မောင်ထွန်းသူကို ကျေးဇူးတင်ရမည် ဖြစ်သည်။

မောင်ထွန်းသူ
စာရေးသူနှင့် စာရေးခြင်း
စိတ်ကူးချိုချို
၂၀၁၇ ဖေဖော်ဝါရီ (ဒုတိယအကြိမ်)

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာစဉ်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ သမ္မတအိမ်တော်တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ် နေပြည်တော်သို့ ရောက်ရှိလာရာ လမ်းဘေး ဝဲ၊ ယာမှ ကြိုဆိုနှုတ်ဆက်နေကြသူများကို တွေ့ရစဉ်။

ငြိမ်းချမ်းမှု၊ အကြင်နာတရားပြည့်ဝပြီး သဒ္ဒါတရားကြီးမားသူများ၊ အကူအညီ လိုအပ်နေသူများကို အချိန်တိုင်းမှာ လက်ကမ်းကူညီပေးနိုင်သူ၊ စိတ်ဓာတ်ခိုင်မာပြီး ကျွမ်းကျင်မှု ပြည့်ဝသူများအဖြစ် မြင်တွေ့လို

နေပြည်တော် နိုဝင်ဘာ ၂၈

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မိန့်ခွန်းပြောကြားသည့်အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ကြိုဆိုနှုတ်ခွန်းဆက်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၊
ဂုဏ်သရေရှိဧည့်သည်တော်များ၊

ငြိမ်းချမ်းရေးနှင့် မေတ္တာတရားရဲ့ စွမ်းအားနဲ့ ဖန်တီးနိုင်စွမ်းအပေါ် မိမိတို့ရဲ့ယုံကြည်မှုကို ထပ်လောင်း အတည်ပြုတဲ့ ယနေ့တွေ့ဆုံပွဲကနေ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ကို လက်ခံကြိုဆိုခွင့်ရတဲ့အတွက် မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ယနေ့ မိမိတို့နဲ့အတူရှိနေပေးတဲ့အတွက်လည်း ပုပ်ရဟန်းမင်းကြီးအား ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ပုပ်ရဟန်းမင်းကြီးအနေနဲ့ မိမိတို့မြန်မာပြည်သူပြည်သားတွေလိုအပ်နေတဲ့၊ လိုလားတောင့်တနေတဲ့ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ လူမှုရေးအရ သဟဇာတရှိမှုတို့အပေါ် နားလည်မှုပေးခြင်းဟာ မိမိတို့အတွက် ခွန်အားနဲ့ မျှော်လင့်ချက်တွေကို သယ်ဆောင်လာပေးပါတယ်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်က အတည်ပြုသတ်မှတ်ခဲ့တဲ့ နိုင်ငံတော်သီချင်းမှာ **“တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ”** ဆိုတဲ့စကားရပ်နဲ့ စတင်ခဲ့ပါတယ်။ ဒီအချက်ဟာ တရားမျှတမှုမရှိပါက စစ်မှန်တဲ့လွတ်လပ်ရေးကိုရရှိနိုင်မည် မဟုတ်ဆိုတဲ့ မြန်မာနိုင်ငံကို စတင်တည်ထောင်ခဲ့တဲ့ ခေါင်းဆောင်ကြီးများရဲ့ ခိုင်မာတဲ့ခံယူချက်ကို ထင်ဟပ်ပြသနေပါတယ်။ ဒီစကားရပ်ဟာ မိမိတို့ပြည်သူများအနေနဲ့ ၎င်းတို့ရဲ့အလားအလာများကို အပြည့်အဝသိရှိနိုင်စေမယ့် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့သူများရဲ့ ဆောင်ရွက်ချက်ကို ပြန်လည်ကြားယောင်စေပါတယ်။ မိမိတို့နိုင်ငံရှိ ပြည်သူတစ်ဦးတစ်ယောက်ချင်းစီတိုင်းအတွက် တရားမျှတမှု၊ လွတ်လပ်မှုနဲ့ လုံခြုံမှုတို့ကို အာမခံချက်ပေးနိုင်သည့် ဥပဒေများနှင့် အဖွဲ့အစည်းများရှိသည့် နိုင်ငံတစ်နိုင်ငံတည်ဆောက်ရေး တာဝန်ကို ဆက်လက်ထမ်းဆောင်ရန်မှာ မိမိတို့ရဲ့ လက်ရှိတာဝန်ပဲဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ စိန်ခေါ်မှုတွေအများအပြားနဲ့ရင်ဆိုင်နေရပြီး စိန်ခေါ်မှုတစ်ခုချင်းစီတိုင်းအတွက် ခွန်အား၊ စိတ်ရှည်သည်းခံမှုနဲ့ရဲရင့်မှုတွေလိုအပ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ သဘာဝသယံဇာတပေါကြွယ်ဝမှုတွေနဲ့ ပြည့်စုံနေတဲ့နောက်ခံ အလှတရားကိုအခြေပြုပြီး မတူကွဲပြားတဲ့ ပြည်သူတွေ၊ ဘာသာစကားတွေနဲ့ ကိုးကွယ်ယုံကြည်မှုတွေ အမျိုးမျိုးရောယှက်နေတဲ့ ပိတ်ကားထက်ကပန်းချီကား တစ်ချပ်နဲ့ တူညီပါတယ်။ ပြည်သူတွေရဲ့ အခွင့်အရေးတွေကို ကာကွယ်ခြင်း၊ စိတ်ရှည်သည်းခံမှုကိုမွေးမြူခြင်းနဲ့အားလုံးအတွက် လုံခြုံမှုကို အာမခံပေးနိုင်ခြင်းဖြင့် မတူကွဲပြားမှုတွေရဲ့ ပေါင်းစပ်အလှတရားကိုဖော်ဆောင်ဖို့ တာဝန်ဟာ ကျွန်မတို့အစိုးရရဲ့ ရည်မှန်းချက်ပဲဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ တန်ဖိုးအထားဆုံး ကြိုးပမ်းအားထုတ်မှုတစ်ခုကတော့ အရင်အစိုးရကအစပြုပေးခဲ့တဲ့ တစ်နိုင်ငံလုံး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်အပေါ်အခြေခံပြီး ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်ဖော်ဆောင်ဖို့ပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့ လျှောက်လှမ်းရတဲ့ ခရီးလမ်းဟာ အမြဲတမ်း မချောမွေ့နိုင်ပါဘူး။ သို့ပေမယ့် ဒီကြိုးပမ်းမှုဟာ မိမိတို့အတွက်အေးချမ်းစွာမှီခိုရာ၊ ဂုဏ်သိက္ခာရှိမှုနဲ့ ပျော်ရွှင်မှုတွေကို ဆောင်ကြဉ်းပေးမယ့် တရားမျှတပြီးကြွယ်ဝချမ်းသာတဲ့နိုင်ငံတစ်နိုင်ငံ ဖြစ်လာစေလိုတဲ့ ကျွန်မတို့ ပြည်သူတွေအားလုံးရဲ့ အိပ်မက်တွေကိုပြည့်ဝစေနိုင်မယ့် တစ်ခုတည်းသော နည်းလမ်းပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိရေးအတွက်ကြိုးပမ်းမှုဟာ နောင်လာမယ့်မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကို အာမခံချက်ရှိစေမယ့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုတွေရရှိစေမှုနဲ့ အားဖြည့်ပေးရမှာဖြစ်ပါတယ်။

မိမိတို့အစိုးရရင်ဆိုင်ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုများအနက် ရခိုင်ပြည်နယ်အခြေအနေဟာ ကမ္ဘာ့နိုင်ငံအများစုရဲ့ အာရုံစိုက်မှုကိုဖြစ်ပေါ်စေခဲ့ပါတယ်။ ရခိုင်ပြည်နယ်ရှိ မတူကွဲပြားတဲ့ အသိုက်အဝန်းများအကြား ယုံကြည်မှု၊ အပြန်အလှန်နားလည်မှု၊ သဟဇာတဖြစ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုထိခိုက်စေခဲ့တဲ့ ကာလရှည်ကြာဖြစ်ပေါ်ခဲ့တဲ့ ကိစ္စရပ်များ၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာမှာ မိမိတို့ရဲ့ကြိုးပမ်းဆောင်ရွက်မှုတွေ အောင်မြင်ဖို့ဆန္ဒရှိကြတဲ့ မိမိတို့နိုင်ငံရဲ့ ပြည်သူပြည်သားများ၊ မိတ်ဆွေကောင်းများရဲ့ ထောက်ခံအားပေးမှုဟာ တန်ဖိုးမဖြတ်နိုင်တဲ့အရာတွေဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီးမှ သယ်ဆောင်လာတဲ့ ကရုဏာတရားနဲ့အားပေးမှု လက်ဆောင်များကိုမိမိတို့အလေးအနက်တန်ဖိုးထားပါတယ်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ကျရောက်သည့် အကြိမ် (၅၀)မြောက် ကမ္ဘာ့ငြိမ်းချမ်းရေးနေ့ အခမ်းအနားအတွက် ပုပ်ရဟန်းမင်းကြီး၏ အမှာစကားဟာ မိမိတို့ရဲ့နှလုံးသားကို ရိုက်ခတ်စေပါတယ်။

ခရစ်တော်သည် ငြိမ်းချမ်းရေးကိုတည်ဆောက်ရာတွင် လက်ကိုင်ထားရမည့် နည်းလမ်းကို သူ၏တောင်ပေါ်ဒေသနာတွင် မြွက်ကြားခဲ့ပါသည်။ မင်္ဂလာတရား(၈)ပါးသည် မိမိတို့အား မင်္ဂလာရှိသော၊ ကောင်းမွန်ဖြောင့်မတ်မှန်ကန်သော လူပုဂ္ဂိုလ်တစ်ဦးအဖြစ် ပုံဖော်ပေးနိုင်ပေသည်။ နှိမ့်ချနာခံတတ်သောသူ၊ သနားကြင်နာတတ်သောသူနှင့် ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သောသူ၊ စိတ်နှလုံးဖြူစင်သောသူ၊ ဖြောင့်မတ်ခြင်းတရားကို ငတ်မွတ်သောသူတို့သည် မင်္ဂလာရှိကြကုန်၏။

ဒီဒေသနာမှာပါရှိတဲ့ တရားတော်တွေဟာ နိုင်ငံရေးနှင့်ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ စီးပွားရေးလုပ်ငန်းကြီးများနှင့် သတင်းမီဒီယာမှ အလုပ်အမှုဆောင်များအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းတာဝန်အသီးသီးကို ထမ်းဆောင်ရာမှာ လိုက်နာရမယ့် ကျင့်ဝတ်နဲ့ စိန်ခေါ်မှုတွေဖြစ်ပါတယ်။

လူ့အဖွဲ့အစည်းတစ်ခု၊ လူမှုအသိုက်အဝန်းနှင့် စီးပွားရေးလုပ်ငန်းကြီးတွေကို တည်ထောင်တဲ့အခါ ငြိမ်းချမ်းရေးတည်ထောင်သူတွေအနေနဲ့ ရင်ဆိုင်ရမယ့်အခက်အခဲလည်းဖြစ်ပါတယ်။ လူအချင်းချင်းလျစ်လျူရှုခြင်း၊ သဘာဝပတ်ဝန်းကျင်ကိုပျက်စီးစေခြင်း၊ မိမိအနိုင်ရရှိရေးအတွက်သာ တစ်ဖက်သတ်ဆောင်ရွက်မှုတွေကို ငြင်းပယ်ခြင်းဟာ ကရုဏာကြီးမားမှုကို ပေါ်လွင်စေမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ဗာတီကန်နိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှုတည်ထောင်ပြီး ခြောက်လမျှသာကြာသေးသည့်အချိန်တွင် ပုပ်ရဟန်းမင်းကြီးက မိမိတို့နိုင်ငံသို့ လာရောက်ခဲ့မှုအပေါ် ဝမ်းသာပီတိဂုဏ်ယူမိပါတယ်။ ယခုခရီးစဉ်ဟာ နီးကပ်တဲ့ဆက်ဆံရေးရဲ့ သမိုင်းမျက်နှာစာသစ်ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် မိမိနဲ့ အခြားပုဂ္ဂိုလ်များအကြား ကြည်နူးဝမ်းမြောက်မှု ယခင်ကရှိခဲ့တဲ့ဆက်ဆံရေးကိုလည်း ပြန်လည်အမှတ်ရစေခဲ့ပါတယ်။ မိမိတို့အနေနဲ့ရန်ကုန်မြို့ရှိ St.Francis Convent ကျောင်းမှာ ပျော်ရွှင်စွာပညာစတင်သင်ယူခဲ့ချိန်က ပုပ်ရဟန်းမင်းကြီးထံမှ ကောင်းချီးပေးမှုကို ခံယူခွင့်ရရှိခဲ့ပါတယ်။ ပုပ်ရဟန်းမင်းကြီးရဲ့ ကောင်းချီးမင်္ဂလာပေးမှုကို မိမိတို့အားလုံး ဝေမျှခံယူပြီး စိတ်ကောင်းစေတနာကောင်းများနဲ့ ပျော်ရွှင်မှုများကို နိုင်ငံတစ်ဝန်း ဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ သက်တမ်းရှိ ခေတ်ကာလတိုင်းမှာ အတိတ်ရဲ့ကောင်းမွေ၊ ဆိုးမွေကို ဆက်ခံပြီး အကောင်းဆုံးတည်ဆောက်ဖို့ မိမိတို့မှာ တာဝန်ရှိပါတယ်။ ယခုဆိုလျှင် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်တွေကို အကောင်အထည်ဖော်နိုင်မယ့် ပြုပြင်ပြောင်းလဲနိုင်ဖို့ အခွင့်အလမ်းတွေကို မိမိတို့ရရှိထားပြီးဖြစ်ပါတယ်။ဒီတာဝန်တွေ၊ သမာဓိနဲ့ ကိုယ်ချင်းစာတရားတွေဖြင့် ထမ်းဆောင်သွားမှာဖြစ်ပြီး မိမိတို့နိုင်ငံရဲ့အနာဂတ်ကို လှပခိုင်မာပြီးဂရုစိုက်မှု၊ တန်ဖိုးထားလေးစားမှုများနှင့် ပျော်ရွှင်ကြွယ်ဝပြီးသာယာလှပတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် သမိုင်းအမွေ ချန်ထားခဲ့လိုပါတယ်။ အလားတူ အနာဂတ်မှာ မြန်မာပြည်သူတွေဟာ စည်းလုံးညီညွတ်မှုရှိပြီး ပြောင်းလဲနေသည့် ကမ္ဘာကြီးနဲ့လိုက်လျောညီထွေရှိစွာဖွံ့ဖြိုးတိုးတက်မှုကိုဖန်တီးနိုင်သူများ၊ ငြိမ်းချမ်းမှု၊ အကြင်နာတရား ပြည့်ဝပြီး သဒ္ဒါတရားကြီးမားသူများ၊ အကူအညီလိုအပ်နေသူများကို အချိန်တိုင်းမှာ လက်ကမ်းကူညီပေးနိုင်သူ၊ စိတ်ဓာတ်ခိုင်မာပြီး ကျွမ်းကျင်မှု ပြည့်ဝသူများအဖြစ် မြင်တွေ့လိုပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ ကက်သလစ်ဘုရားကျောင်းမှ ပြည်သူများဟာ မြန်မာနိုင်ငံရဲ့ ပြည်သူများပင်ဖြစ်ပြီး ချစ်ခြင်းမေတ္တာတရားနှင့် ပြည့်ဝသူများဖြစ်ကြပါတယ်။ မိမိတို့နိုင်ငံနဲ့ ကမ္ဘာ့ပြည်သူများအားလုံးအပေါ် ဆုတောင်းမေတ္တာပို့သမှုတွေအတွက် ပုပ်ရဟန်းမင်းကြီးကို ကျေးဇူးတင်ရှိသလို သူတို့အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်။ မိမိတို့ရှေ့ဆက်ရမယ့်လမ်းခရီးမှာ ရှည်လျားသော်လည်းငြိမ်းချမ်းခြင်း၊ ချစ်ခြင်းမေတ္တာနှင့် သာယာပျော်ရွှင်ခြင်းတို့ရဲ့ စွမ်းအားများအပေါ် ယုံကြည်မှုတွေနဲ့အတူ လျှောက်လှမ်းသွားမှာဖြစ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

○ ပုပ်ရဟန်းမင်းကြီးမှ

လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ကြိုဆိုနှုတ်ခွန်းဆက်စကားကို သီးခြားဖော်ပြထားပါသည်)**

ယင်းနောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က မိန့်ခွန်းပြောကြားသည်။ **(ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်)**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် လူထုပရိသတ်နှင့် မဿားပူဇော်ဝတ်ပြုဆုတောင်းခြင်း၊ ကမ္ဘာအေး သံဃာ့ဗဟိုဌာန၌ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့နှင့် သွားရောက်တွေ့ဆုံခြင်း၊ စိန့်မေရီဘုရားကျောင်းတွင် မြန်မာနိုင်ငံကက်သလစ်ဆရာတော်ကြီးများနှင့် တွေ့ဆုံခြင်းများ ဆောင်ရွက်ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆက်လက်သွားရောက်မည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် အခမ်းအနားသို့ တက်ရောက်လာသူများကို အတူတကွ တွေ့ရစဉ်။

ပြန်လည်ကျေအေးသင့်မြတ်ရေးနှင့် ညီရင်းအစ်ကိုစိတ်ထားရှိရေး သတင်းစကားကို စဉ်ဆက်မပြတ် ဖော်ထုတ်ကြပါရန်
မြန်မာနိုင်ငံတော်ရှိ လူသားအားလုံးအတွက် တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း ခေတ်သစ်ကို ဆောင်ကြဉ်းပေးနိုင်ရန် ကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၂၈

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်
လေးစားရပါသော အစိုးရအဖွဲ့ဝင်များ
ရဟန်းအမတ်နှင့် ညီအစ်ကို ဆရာတော်များ
ဂုဏ်သရေရှိ သံတမန်အဖွဲ့ဝင်များ
ဧည့်သည်တော်များ ခင်ဗျား

မြန်မာနိုင်ငံသို့ ကြွရောက်လာရန် ဖိတ်ကြားသည့်အတွက် ကျေးဇူးတင်ရှိပါသည်။ လှိုက်လှဲပျူငှာသော စကားပြောကြားခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အားလည်း ကျေးဇူးတင်ပါသည်။ ဤခရီးစဉ် ဖြစ်မြောက်ရေးအတွက် စွမ်းစွမ်းတမံ စီစဉ်ဆောင်ရွက်ပေးသူများ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါသည်။ လူနည်းစုဖြစ်သော်လည်း စိတ်အားထက်သန်သည့် ကက်သလစ်ခရစ်ယာန် ဘာသာဝင်များနှင့်အတူ ဆုတောင်းရန်၊ သူတို့၏ ယုံကြည်ခြင်း၌ တည်ကြည်ခိုင်မြဲစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် သူတို့၏ ကြိုးစားအားထုတ်မှုကို ခွန်အားဖြည့်ပေးရန် ကျွန်ုပ် ရည်ရွယ်၍ လာရောက်ရခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ဗာတီကန်တို့အကြား တရားဝင် သံတမန်ဆက်သွယ်ရေး ထူထောင်ပြီး များမကြာမီ လာရောက်ခွင့်ရသည့်အတွက်လည်း အလွန်ပင် ဂုဏ်ယူဝမ်းမြောက်မိပါသည်။ တိုင်းပြည်၏ အခြေခံအဆောက်အအုံကို ပြန်လည်ဆန်းသစ်ရန် အားစိုက်ထုတ်နေရသော်ငြားလည်း ဤကဲ့သို့ သံတမန် ထူထောင်ခြင်းသည် နိုင်ငံတကာအသိုင်းအဝိုင်းထဲတွင် ဆွေးနွေးညှိနှိုင်းခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရန် မြန်မာနိုင်ငံ၏ ခိုင်မာသော စိတ်အားထက်သန်မှုကို ပြသနေသည့် သင်္ကေတအဖြစ် ကျွန်ုပ် မှတ်ယူလိုပါသည်။

ကျွန်ုပ်၏ ခရီးစဉ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသူများ အားလုံးကို ရင်းနှီးစွာ တွေ့ဆုံရန် ဖြစ်ပါသည်။ တရားမျှတသော၊ ပြန်လည်ကျေအေးသင့်မြတ်သော၊ အလုံးစုံပါဝင်သော လူ့အဖွဲ့အစည်းကို ဖော်ဆောင်ရန် ကြိုးစားလုပ်ဆောင်နေကြသော သူများကိုလည်း အားပေးစကား ပြောကြားလိုပါသည်။ မြန်မာနိုင်ငံသည် သဘာဝအလှအပများ၊ သယံဇာတများနှင့် ကျေးဇူးတော်ပြည့်ဝသည့် နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တန်ဖိုးအရှိဆုံး အဖိုးတန်ရတနာမှာ မြန်မာနိုင်ငံ၏ ပြည်သူလူထု ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများသည် ကာလရှည်ကြာဖြစ်ပွားနေ၍ နက်နက်ရှိုင်းရှိုင်း ကွဲပြားမှုများ ဖြစ်ပေါ်စေသော ပြည်တွင်း ပဋိပက္ခများနှင့် ရန်လိုမုန်းတီးမှုများကြောင့် ကြီးမားစွာ ဝေဒနာခံစားနေခဲ့ကြရသကဲ့သို့ ဆက်လက်ခံစားနေရဆဲလည်း ဖြစ်ပါသည်။ လက်ရှိအချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းနေချိန်တွင် ထိုပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ဒဏ်ရာဒဏ်ချက်များအား ကျေအေးခြင်းနှင့် ကုသခြင်း အရေးကိစ္စမှာ အရေးအကြီးဆုံး နိုင်ငံရေးနှင့် ဘာသာရေး ဦးစားပေးလုပ်ငန်းစဉ်များမှ အမြင့်မားဆုံး လုပ်ငန်းစဉ်တစ်ခု ဖြစ်ရပါမည်။ ဤစိန်ခေါ်မှုများကို ကိုင်တွယ်နိုင်ရန် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများမှ ကျွန်ုပ်အနေဖြင့် နှစ်သက်အားရကြောင်း ဖော်ထုတ်ပြသရန်သာ ရှိပါတော့သည်။ ထိုသို့ အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများမှ အထူးသဖြင့် ပင်လုံငြိမ်းချမ်းရေးညီလာခံသည် အကြမ်းဖက်ခြင်းကို ချုပ်ငြိမ်းစေရန်၊ အပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်ရန်နှင့် မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်သောသူအားလုံး၏ အခွင့်အရေးများအား လေးစားမှုရှိစေရန် တိုင်းရင်းသား အဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များအား ဖိတ်ခေါ်ကာ ဆွေးနွေးစေသည့် ညီလာခံဖြစ်ပါသည်။

ဧကန်စင်စစ် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းနှင့် အမျိုးသားပြန်လည်ကျေအေးသင့်မြတ်ရေးဟူသည့် ခက်ခဲကြမ်းတမ်းသော လုပ်ငန်းစဉ်သည် တရားမျှတခြင်းနှင့် လူ့အခွင့်အရေးကို လေးစားမှသာလျှင် ရှေ့ဆက်နိုင်မည် ဖြစ်သည်။ သမ္မာကျမ်းတွင် ပရောဖက်များက တရားမျှတမှုဟူသည်မှာ မှန်ကန်၍ အစဉ်တည်တံ့မည့် ငြိမ်းချမ်းရေးအတွက် အခြေခံဟု ရှုမြင်ခဲ့ကြစဉ် ရှေးပညာရှင်များက တရားမျှတခြင်းဟူသည်မှာ "လူသားတိုင်းအား ၎င်းတို့ ရသင့်ရထိုက်သည်ကို ပေးခြင်း"ဟု အနက်ဖွင့်ခဲ့ကြသည်။ ဝမ်းနည်းဖွယ်ရာ ကမ္ဘာစစ်ကြီးနှစ်ခုက ထိုရှုမြင်ချက်များ မှန်ကန်ကြောင်း အတည်ပြုပေးခဲ့ကာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို ပြဋ္ဌာန်းသတ်မှတ်ခြင်းနှင့် ကုလသမဂ္ဂအဖွဲ့အစည်းကြီးကို တည်ထောင်ခြင်းတို့အား ဦးတည်စေခဲ့သည်။ ဤသို့ဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းသည် ကမ္ဘာတစ်လွှားတွင် တရားမျှတရေး၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးရှိစေရန်နှင့် ပဋိပက္ခများအား အကြမ်းမဖက်ဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အဖြေရှာရန်အတွက် အခြေခံဖြစ်လာခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ပတ်ဝန်းကျင်တွင် တည်ရှိနေသော နိုင်ငံတကာ သံတမန်အသိုင်းအဝိုင်းသည် ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုရုံသာမက အထက်ဖော်ပြပါ အခြေခံမှုများအား လိုက်နာစောင့်ထိန်းရန် မြန်မာနိုင်ငံ၏ အားစိုက်မှုကိုလည်း အသိအမှတ်ပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ အနာဂတ်သည် ငြိမ်းချမ်းရေးဖြစ်ရမည်။ ထိုငြိမ်းချမ်းရေးသည် လူသားတိုင်း၏ လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို လေးစားမှု၊ တိုင်းရင်းသား လူမျိုးစုတိုင်းနှင့် ၎င်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာကို လေးစားမှု၊ တရားဥပဒေအား လေးစားလိုက်နာမှု၊ မည်သူ့ကိုမျှ ချန်လှပ်ထားခြင်း မရှိဘဲ အများအကျိုးအတွက် ပံ့ပိုးမှုပေးနိုင်ရန် လူတစ်ဦးစီတိုင်းနှင့် အဖွဲ့တိုင်းအား မြှင့်တင်ပေးသည့် ဒီမိုကရေစီစနစ်ကို လေးစားမှု စသည်တို့အပေါ် အခြေခံသည်။

အမျိုးသားပြန်လည်ကျေအေးသင့်မြတ်ရေးနှင့် အတူယှဉ်တွဲနေထိုင်ရေးကို ဖော်ဆောင်သည့် လုပ်ငန်းစဉ်ကြီးတွင် မြန်မာနိုင်ငံရှိ ဘာသာရေး အဖွဲ့အစည်းများ၌ တထူးတခြား တာဝန်ရှိပေသည်။ မတူညီသည့် ဘာသာရေး ယုံကြည်မှုများသည် စိတ်ဝမ်းကွဲမှုများနှင့် အယုံအကြည်ကင်းမဲ့မှုများကို ဖန်တီးသည့် အရင်းအမြစ် မဖြစ်စေဘဲ စည်းလုံးညီညွတ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ စိတ်ရှည်သည်းခံခြင်းနှင့် သတိပညာ ပြည့်ဝသည့် နိုင်ငံတော်တည်ဆောက်ရေးအတွက် ခွန်အားတစ်ခု ဖြစ်ရပါမည်။ ဘာသာတရားများအနေဖြင့် နိုင်ငံတွင်း နှစ်ကာလကြာရှည်စွာ ဖြစ်ပွားနေသည့် ပဋိပက္ခများကြောင့် အတိဒုက္ခရောက်သူများအတွက် ခံစားချက်ပိုင်းဆိုင်ရာ၊ ဝိညာဉ်ရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာဒဏ်ချက်များအား ကုစားပေးခြင်းတွင် အလွန်အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ခိုင်မာစွာ ခံယူထားသော မူတန်ဖိုးများအား အခြေခံထားသည့် ဤဘာသာရေး အဖွဲ့အစည်းများသည် ပဋိပက္ခများဆိုင်ရာ သက်ရောက်မှုများအား ကုစားပေးနိုင်ခြင်း၊ အပြန်အလှန် ဆွေးနွေးညှိနှိုင်းရန်အတွက် ပေါင်းကူးပေးခြင်း၊ တရားမျှတရေး ဖော်ဆောင်ပေးခြင်းနှင့် အတိဒုက္ခ ခံစားနေရသူများအားလုံးအတွက် ရပ်တည်အရေးဆိုပေးခြင်း စသည်တို့အား ပြုလုပ်နိုင်စွမ်းရှိပါသည်။ သဟဇာတရှိခြင်းနှင့် အပြန်အလှန် လေးစားမှုရှိခြင်း မူအပေါ် အခြေခံ၍ မြန်မာနိုင်ငံရှိ ဘာသာရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင်များသည် ငြိမ်းချမ်းရေးအတွက်၊ ဆင်းရဲသား အတိဒုက္ခရောက်သူများအား ကူညီပေးရေးနှင့် မွန်မြတ်သည့် ဘာသာတရား သွန်သင်ချက်များ၊ လူ့တန်ဖိုးများအား သွန်သင်ပေးရေးကိစ္စရပ်များတွင် အတူတကွ ပူးပေါင်းလုပ်ဆောင်နေကြသည်ကို မြင်တွေ့ရခြင်းသည် မျှော်လင့်ခြင်း၏ တောက်ပသော အလင်းရောင်တစ်ခု ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်းနှင့် တစ်လုံးတစ်ဝတည်းရှိခြင်းဟူသည့် ဓလေ့တစ်ခုတည်ဆောက်ရာတွင် ဘာသာရေးအဖွဲ့အစည်းများသည် ဘုံအကျိုးအတွက် ဆောင်ရွက်ခြင်းနှင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် မျှော်လင့်ခြင်းနှင့် ကြွယ်ဝဖူလုံမှုရှိသည့် အနာဂတ်တစ်ခုတည်ဆောက်ရန် ပစ်ပယ်၍ မရသော စိတ်ဓာတ် နီတိရေးရာ အခြေခံအုတ်မြစ်များချမှတ်ခြင်း ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နေကြပါသည်။

ယနေ့ ခေတ်ကာလတွင်ပင် အနာဂတ်သည် နိုင်ငံ၏ လူငယ်များလက်ထဲတွင် ရှိနေပါသည်။ လူငယ်များဟူသည်မှာ အမြတ်တနိုးထားပြီး မြေတောင်မြှောက်ပေးရမည့် လက်ဆောင်မွန်တစ်ခု၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အရည်အသွေးရှိသော ပညာရေးကို မှန်ကန်စွာ ဖန်တီးပေးလျှင် ကြီးမားစွာ အကျိုးဖြစ်ထွန်းစေမည့် ရင်းနှီးမြှုပ်နှံမှုတစ်ခု ဖြစ်ပါသည်။ ၎င်းသည် သားစဉ်မြေးဆက်များအကြား တရားမျှတမှုအတွက် အရေးပေါ်လိုအပ်ချက်တစ်ခု ဖြစ်ပါသည်။ ရုတ်ခြည်း ပြောင်းလဲနေပြီး ချိတ်ဆက်မှု အားကောင်းလာလျက်ရှိသော ကမ္ဘာကြီးရှိ မြန်မာနိုင်ငံ၏ အနာဂတ်သည် လူငယ်များအား လေ့ကျင့်ပျိုးထောင်ပေးမှုအပေါ်တွင် မူတည်ပါသည်။ ထိုသို့ လူငယ်များအား လေ့ကျင့်ပျိုးထောင်ရာတွင် နည်းပညာ နယ်ပယ်များဆိုင်ရာ အတတ်ပညာများသာမက ဖြောင့်မတ်ရိုးသားခြင်း၊ သိက္ခာ သမာဓိရှိခြင်းနှင့် လူသားချင်းစာနာစိတ်ထားရှိခြင်း စသည့် နီတိတန်ဖိုးများကိုလည်း သင်ကြားပေးရန် လိုအပ်ပါသည်။ ထိုနီတိတန်ဖိုးများသည် ဒီမိုကရေစီစနစ်အား ခိုင်မာစေခြင်းနှင့် လူ့အဖွဲ့အစည်း၏ အဆင့်တိုင်းတွင် စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို ရှင်သန်တိုးပွားစေပါသည်။ သားစဉ်မြေးဆက်များအကြား ရှိရမည့် တရားမျှတမှုသည် လူ့လောဘနှင့် အတ္တတို့ဖြင့် ဖျက်ဆီးခြင်းကင်းသော သဘာဝပတ်ဝန်းကျင်တစ်ခုကို အနာဂတ်မျိုးဆက်သစ်များအတွက် အမွေပေးရန် တောင်းဆိုပါသည်။ လူငယ်များထံမှ မျှော်လင့်ခြင်းကို လုယူဖျက်ဆီးခြင်း မပြုရန်၊ နိုင်ငံတော်နှင့် လူသားမျိုးနွယ်တစ်ခုလုံး၏ အနာဂတ်ကို ပုံသွင်းပေးမည့် သူတို့၏ စိတ်ကူးအိပ်မက်များနှင့် အရည်အချင်းများအား လက်တွေ့အကောင်ထည်ဖော်ခြင်းကို မဟန့်တားရန် အရေးကြီးပါသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မိန့်ခွန်းပြောကြားစဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဆွေတော်များ ခင်ဗျား

ကျွန်ုပ်၏ ကက်သလစ်ခရစ်ယာန် ညီအစ်ကို မောင်နှမများကို ကျွန်ုပ်တိုက်တွန်းအားပေးလိုသည်မှာ ယနေ့ခေတ်ကာလတွင် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအား အကျိုးပြုသည့် ချစ်ခြင်းမေတ္တာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်များဖြင့် ခရစ်ယာန်ယုံကြည်ခြင်း၌ စွဲမြဲခိုင်မာစေကြရန်၊ ပြန်လည်ကျေအေးသင့်မြတ်ရေးနှင့် ညီရင်းအစ်ကိုစိတ်ထားရှိရေး သတင်းစကားကို စဉ်ဆက်မပြတ် ဖော်ထုတ်ကြပါရန်ဖြစ်သည်။ ကက်သလစ်ခရစ်ယာန်များသည် ဤမြတ်နိုးဖွယ်ရာ မြန်မာနိုင်ငံတော်ရှိ လူသားအားလုံးအတွက် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ခြင်း ခေတ်သစ်ကို ဆောင်ကြဉ်းပေးနိုင်ရန် ဘာသာပေါင်းစုံမှ ညီအစ်ကို မောင်နှမများ၊ စိတ်ကောင်းနှလုံးကောင်းရှိသူများနှင့် တလေးတစား ပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် ကြိုးပမ်းပေးကြမည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။

"မြန်မာနိုင်ငံတော် အစွန့်ရှည် တည်တံ့ပါစေ"

ယခုလို အာရုံစိုက် နားထောင်ပေးသည့်အတွက် သင်တို့အားလုံးကို ကျေးဇူးတင်ရှိပါသည်။ အားလုံးအကျိုးအတွက် အထူးကြိုးပမ်းဆောင်ရွက်နေကြသော သင်တို့၏ လုပ်ဆောင်ချက်များအတွက် ဆုတောင်းမေတ္တာပို့သရင်း သင်တို့အားလုံးအပေါ် သတိပညာ၊ ခွန်အားနှင့် ငြိမ်းချမ်းရေး၏ ကောင်းချီးကျေးဇူးတော်များ ရရှိကြပါစေဟု တောင်းဆုပြုလိုက်ပါသည်။

(၁၇) ကြိမ်မြောက် အာဆီယံ သတ္တုကဏ္ဍ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၈

(၆) ကြိမ်မြောက် အာဆီယံ သတ္တုကဏ္ဍ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးဖြစ်သော (၁၇) ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery Hotel, Irrawaddy Grand Ballroom တွင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေ၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးနှင့် မလေးရှားနိုင်ငံ Department of Mineral and Geoscience Malaysia မှ Director General ဖြစ်သူ Mr. Shahr Effendi Abdullal Azizi တို့က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံက ဥက္ကဋ္ဌ၊ ဖိလစ်ပိုင်နိုင်ငံက ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ Trade and Investment, Capacity Building, Mineral Information & Database, Sustainable Mineral Development ခေါင်းစဉ်များဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ AFMA, CCOP အဖွဲ့များက ဝိုင်းဝန်းဆွေးနွေးကြသည်။

3rd BOJ Meeting ကို တစ်ပြိုင်တည်း May Kha Room တွင် ကျင်းပရာ အင်ဒိုနီးရှားနိုင်ငံမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ASEAN Mineral Award အတွက် လာအို၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့မှ ပုဂ္ဂလိကကုမ္ပဏီများက ဆွေးနွေးကြသည်။

(၁၀)ကြိမ်မြောက် အာဆီယံ+၃ အာဆီယံသတ္တုကဏ္ဍ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးကို အဆိုပါဟိုတယ်တွင် နိုဝင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ (၆) ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီးအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက်တွင် လည်းကောင်း ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်း သင်တန်းဖွင့်လှစ်

သံဖြူဇရပ် နိုဝင်ဘာ ၂၈

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း သံဖြူဇရပ်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲနည်းသင်တန်း အမှတ်စဉ် ၁ မှ ၆ အထိ ဖွင့်လှစ်ပေးခဲ့ရာ အဆိုပါသင်တန်းတွင် သံဖြူဇရပ်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၆၈ ရွာမှ သင်တန်းသားနှစ်ဦးစီ တက်ရောက်ခဲ့ပြီး ကျေးရွာ ၂၆ ရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ စတင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြေးမုံ

ရခိုင်ပြည်နယ်သတင်း

✻ ရခိုင်ပြည်နယ်မှ

ရေလမ်းကိုပဲ အားကိုးပြီး အသုံးပြုသွားလာနေခဲ့ရတာ။ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင် လမ်းဖောက်လုပ်ပြီးသွားရင် ဒီဒေသဖွံ့ဖြိုးမှုက သိသိသာသာတိုးတက်သွားမှာပါ။ ဒေသတစ်ခုဖွံ့ဖြိုးဖို့ အဓိကအရေးကြီးဆုံးက လမ်းပန်းဆက်သွယ်ရေးပါပဲ”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်နိုင်ဦးက ပြောသည်။

ယခုအကောင်အထည်ဖော် တည်ဆောက်နေသော စိုင်းဒင်တံတားနှင့်အတူ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင် လမ်းကြောင်းပေါ်ရှိ ရသေ့တောင်တံတား၊ သောင်းတံတား၊ ငစံပေါ်တံတားနှင့် ရွာဟောင်းတံတား ငါးစင်းတို့ကို တစ်ပြိုင်နက်တည်း ဆောက်လုပ်လျက်ရှိသည်။ ၎င်းတံတား ငါးစင်းလုံးကို ယခုနှစ်ဘတ်ဂျက်အကုန်မတ်လတွင် တစ်ပြိုင်နက်တည်း ပြီးစီးစေရန်နှင့် မိုးမကျမီ အဆိုပါလမ်းပိုင်းအား ဖွင့်လှစ်သွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယင်းလမ်းပိုင်းတွင် တံတားငါးစင်းအနက် စိုင်းဒင်တံတား တည်ဆောက်မှုကုန်ကျစရိတ်မှာ ကျပ်သန်းပေါင်း ၂၇၃၀ ခန့်မှန်းလျာထားကြောင်း တံတားဦးစီးဌာနမှ သိရသည်။

“ကျွန်မတို့ အခုဘူးသီးတောင်ကို သွားလာနေရတာက ရေလမ်းကြောင်းကနေ သွားနေရတာပါ၊ ရေလမ်းခရီးဆိုတော့ အချိန်ပြည့်သွားလာလို့ အဆင်မပြေပါဘူး၊ အခုလို ကုန်းလမ်းခရီး ပေါက်သွားမယ်ဆိုရင် ကျွန်မတို့ကျေးရွာပြည်သူတွေအနေနဲ့ အတော်လေးကို အဆင်ပြေသွားမှာပါ။ အခုဆိုရင် ကောက်ပဲသီးနှံသွားရောင်းရတာပဲဖြစ်ဖြစ်၊ ဝယ်စရာတစ်ခုခုရှိရင်ပဲဖြစ်ဖြစ် ရေလမ်းခရီးကနေ သွားလာနေရတော့ အတော်လေးအခက်အခဲ ဖြစ်ပါတယ်၊ ဒါကြောင့် ဒီလမ်းကြောင်း ဖောက်လုပ်ပေးတဲ့ တာဝန်ရှိသူတွေကို ကျေးလက်နေပြည်သူတစ်ဦးအနေနဲ့ အလွန်ပဲကျေးဇူးတင်ပါတယ်”ဟု စိုင်းဒင်ချောင်းတစ်ဖက်ကမ်း ဖုန်ညိုလိတ်ကျေးရွာနေ ဒေသခံတိုင်းရင်းသူ ဒေါ်ပုမညိုက ပြောသည်။

လမ်းတံတားဦးစီးဌာနမှ ဆောက်လုပ်ပေးလျက်ရှိသော အဆိုပါ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင် လမ်းပိုင်းသည် ပုဏ္ဏားကျွန်းမှ ရသေ့တောင်မြို့နယ်အထိ ၂၂ မိုင်၊ ရသေ့တောင်မှ ဘူးသီးတောင်မြို့အထိ ၃၄ မိုင် စုစုပေါင်း ၅၆ မိုင် ရှည်လျားကြောင်း သိရသည်။

သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်

မောင်တောဒေသခံ ပြည်သူများအား ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ အဓိက လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြောကြား

မောင်တော နိုဝင်ဘာ ၂၈

ရခိုင်ပြည်နယ် မောင်တောဒေသခံပြည်သူများ ကျန်းမာရေး အသိပညာ တိုးပွားစေရေးအတွက် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို အဓိကထား လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်က ပြောသည်။

ယနေ့မွန်းလွဲပိုင်းတွင် မောင်တောခရိုင်တောင်ပိုင်း ကိုင်းကြီး(မြို)ကျေးရွာသစ်၌ ထည့်သွင်းအကောင်အထည်ဖော် တည်ဆောက်မည့် ဒေသခံမြိုတိုင်းရင်းသားများအတွက် ကျေးလက်ဆေးပေးခန်းသစ် တည်ဆောက်မည့်မြေနေရာပန္နက်တင် အခမ်းအနားတွင် ဒေါက်တာမေဝင်းမြင့်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ် မောင်တောဒေသတောင်ပိုင်း၌ မြိုလူမျိုးစုများအတွက် ကျေးရွာသစ် အကောင်အထည်ဖော် တည်ဆောက်နေသော ကိုင်းကြီး(မြို) ကျေးရွာ၌ ကျေးလက်ဆေးပေးခန်း အဆောက်အအုံကို သတ်မှတ်စံနှုန်းနှင့်အညီ ထည့်သွင်းတည်ဆောက်မည်ဖြစ်သည်။ အဆိုပါ ဆေးပေးခန်း ပန္နက်တင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြိုကျေးရွာသစ်၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်နှင့် အဖွဲ့၊ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက မင်္ဂလာပန္နက် ရိုက်ကြသည်။

“ကျွန်မတို့ ဒီကိုရောက်လာတာကတော့ ပါတီဝင်တွေ တစ်လတစ်ကြိမ် အစည်းအဝေးလုပ်တဲ့အခါ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မောင်တောဒေသ ပြန်လည်ထူထောင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ ကျေးရွာပြန်လည်ထူထောင်တဲ့ရာမှာ ပါဝင်ဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်ပါတယ်၊ ကျွန်မတို့က လည်း လိုအပ်တဲ့ တစ်ထောင့်တစ်နေရာက ကူညီပေးဖို့ ဆန္ဒရှိပါတယ်၊ ဆရာဝန်တစ်ယောက်ဖြစ်လို့ ကျန်းမာရေးဘက်ကအကူညီပေးဖို့ပြောတဲ့အခါ ပြန်လည်ထူထောင်ရေးမှာ ငွေကျပ်သိန်း ၁၇၀ လာလှူတာဖြစ်ပါတယ်၊ ကျေးလက်ဆေးပေးခန်းဆောက်ပြီးရင်လည်း လိုအပ်တဲ့ဆေးပစ္စည်းတွေ၊ အသုံးအဆောင်တွေ၊ ကျေးလက်ဆေးပေးခန်းနဲ့ ညီအောင် အားလုံးတာဝန်ယူလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်၊ ဆေးဝါးဖူလုံမှုနဲ့ ဒေသခံပြည်သူတွေကိုကျန်းမာရေးအသိပညာပေးဖို့ကိုတော့ အဓိကလုပ်ဆောင်ပေးသွားမှာဖြစ်ပါတယ်၊ ဒါမှရေရှည်မှာ ဒီမြိုကျေးလက်ဆေးပေးခန်းဟာ မြိုတစ်ရွာတည်းအတွက် မဟုတ်ဘဲ ဝန်းကျင်ကျေးရွာတွေအတွက်ပါ အကျိုးပြုနိုင်မယ့် ဆေးခန်းတစ်ခုဖြစ်လာမှာ ဖြစ်ပါတယ်”ဟု ဒေါက်တာမေဝင်းမြင့်က ပြောသည်။

ယနေ့ကျင်းပသော ကိုင်းကြီး(မြို) တိုင်းရင်းသားကျေးရွာသစ်၌ ထည့်သွင်းအကောင်အထည်ဖော် တည်ဆောက်မည့် ကျေးလက်ဆေးပေးခန်း ပန္နက်တင်အခမ်းအနားသို့ မောင်တောခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများ၊ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအမျိုးသမီးကော်မတီအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာရွှေမုံနှင့် ဒေါ်အေးအေးမူ(ခ) ဒေါ်ရှားမီတို့ တက်ရောက်ကြသည်။

သတင်းအဖွဲ့၊ ဓာတ်ပုံ- မင်းထက်

မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၈

မောင်တောမြို့နယ်ရှိ မြို့နယ် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ကင်းချောင်း (တိုင်းရင်းသား)ကျေးရွာတွင် နွားတစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ မင်္ဂလာညွန့်(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ ငါးခူရ(ရောနှော) ကျေးရွာတို့တွင် နွားတစ်ကောင်တို့အား ကာကွယ်ကုသဆေးများထိုးနှံပေးပြီး စုစုပေါင်းစခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားနှစ်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်တစ်ကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၀၅ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၆၆ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မောင်တောမြို့ မြို့မ ကညင်တန်းရပ်ကွက် မီးလောင်ပြင်အား ရှင်းလင်းစဉ် လက်လုပ်မိုင်း နှစ်လုံးတွေ့ရှိ

မောင်တော နိုဝင်ဘာ ၂၈

မောင်တောမြို့ မြို့မကညင်တန်းရပ်ကွက် မီးလောင်ပြင်အား မြေတူးစက်ဖြင့် ရှင်းထားသည့်နေရာတွင် မြေပြင်ပေါ် တစ်ဝက်ခန့်ပေါ်နေသော အပြာရောင်တိပ်ဖြင့်ပတ်ထားသည့် ဝါယာကြိုး နီ၊ နက် နှစ်စတပ်ထားသော မိုင်းဟုယူဆရသည့် ပစ္စည်းတစ်ခုကို ယနေ့နံနက်ပိုင်းက တွေ့ရှိခဲ့ကြောင်း သိရသည်။

ဟိန္ဒူဘာသာဝင် ကလေးငယ်ရော်ချန်း အသက်(၈)နှစ်သည် မြို့မကညင်တန်း ရပ်ကွက်မီးလောင်ပြင်တွင် ပစ္စည်းဟောင်းများလိုက်လံကောက်ယူစဉ် မြေပြင်အပေါ် တစ်ဝက်ခန့်ပေါ်နေသော မိုင်းဟုယူဆရသည့် ပစ္စည်းကိုတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

အဆိုပါ သတင်းအရ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသောအဖွဲ့က သွားရောက် စစ်ဆေးခဲ့ရာ အလျား ရှစ်လက်မ၊ အချင်း ငါးလက်မရှိ ဝါယာကြိုး နီ၊ နက်နှစ်စတပ်ထားသော လက်လုပ်မိုင်းတစ်လုံးကို တွေ့ရှိခဲ့သည်။

ထို့ကြောင့် စစ်မြေပြင်အင်ဂျင်နီယာ တပ်ရင်းမှ ဗိုလ်ကြီးနေဇော်ရှိုင်းဦးစီးအဖွဲ့ ရောက်ရှိလာပြီး ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဦးစီးသောအဖွဲ့နှင့် ပူးပေါင်း၍ အဆိုပါ အနီးပတ်ဝန်းကျင်အား ဆက်လက်ရှင်းလင်းရာ လက်လုပ်မိုင်း တွေ့ရှိခဲ့သည့်နေရာ၏ တောင်ဘက် ခြောက်ကိုက်အကွာတွင် ဝါယာကြိုးတစ်ချောင်းထပ်မံတွေ့ရှိသဖြင့် ဆက်လက်တူးဖော်ရှင်းလင်းရာ အလျားခြောက်ဒသမ ငါးလက်မ၊ အချင်းသုံးလက်မရှိ ကားပစ္စတင် အဟောင်းဖြင့် ပြုလုပ်ထားသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံးကို ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

အများပြည်သူ အန္တရာယ်မရှိစေရန်အတွက် အဆိုပါလက်လုပ်မိုင်းများ ပေါက်ကွဲမှုမရှိစေရန် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ စနစ်တကျရှင်းလင်း သိမ်းဆည်းခဲ့ကြောင်းသတင်းရရှိသည်။

သတင်းအဖွဲ့

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နှမ်းစပါး ၂၄၁၂၃ ဧကနှင့် ဆောင်းသီးနှံ ၄၅၉၂၁၉ ဧက စိုက်ပျိုးရန် လျာထား

စစ်တွေ နိုဝင်ဘာ ၂၈

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ်အတွင်းရှိ ခရိုင်ငါးခရိုင်၌ နှမ်းစပါး ၂၄၁၂၃ ဧကနှင့် ဆောင်းသီးနှံ ၄၅၉၂၁၉ ဧက စိုက်ပျိုးရန် လျာထားလျက်ရှိပြီး ရခိုင်ပြည်နယ်အတွင်း စိုက်မြေဧက ၁၂၈၇၂၆၃ နှင့် စုစုပေါင်းလယ်မြေဧက ၉၀၈၈၀၅၃ ရှိကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးတွင် နှမ်းစပါးနှင့်ဆောင်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နှမ်းစပါးစိုက်ပျိုးရာသီနှင့် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စစ်တွေခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် နှမ်းစပါး ၂၀၄ ဧကနှင့် ဆောင်းသီးနှံဧက ၂၆၈၁၀ ကိုလည်းကောင်း၊ မြောက်ဦးခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် နှမ်းစပါး ၃၄၂၆ ဧကနှင့်ဆောင်းသီးနှံ ၁၄၃၁၉၉ ဧက ကိုလည်းကောင်း၊ မောင်တောခရိုင်အတွင်းရှိ မြို့နယ်နှစ်ခုတွင် နှမ်းစပါး ၂၀၂၄၆ ဧကနှင့် ဆောင်းသီးနှံ ၁၀၇၇၀၇ ဧကကိုလည်းကောင်း၊ ကျောက်ဖြူခရိုင်အတွင်းရှိ မြို့နယ်လေးခုတွင် နှမ်းစပါးဧက ၁၀၀ နှင့် ဆောင်းသီးနှံ ၇၈၇၈၂ ဧကကိုလည်းကောင်း၊ သံတွဲခရိုင်အတွင်းရှိ မြို့နယ်သုံးခုတွင် နှမ်းစပါး ၁၄၇ ဧက နှင့် ဆောင်းသီးနှံ ၁၀၂၇၂၁ ဧက ကိုလည်းကောင်း စိုက်ပျိုးရန် လျာထားလျက်ရှိကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှသင်္ဂီက ပြောသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မိုးစပါးများနှင့် အခြားသီးနှံများမှာ ပျက်စီးမှုများရှိခဲ့ကြောင်း၊ မိုးစပါးနှင့်အခြားသီးနှံများကို နောက်ကျပြီးမှ စိုက်ပျိုးသည့် တောင်သူများလည်းရှိကြောင်း၊ အချို့သောမြို့နယ်များတွင် နှမ်းစပါးနှင့် ဆောင်းသီးနှံစိုက်ပျိုးမှုမှာ နောက်ကျမှုရှိကြောင်း ၎င်းကပြောသည်။

ဝင်းမင်းစိုး (ပြန်/ဆက်)

ငမိုးရိပ်(သစ္စာလမ်း)တံတားသစ်၌ နိုဝင်ဘာ ၂၉ ရက်တွင် ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုမည်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ငါးမာန်အောင်ဘုရားလမ်းကို ဆက်သွယ်ပေးထားသော ငမိုးရိပ်ချောင်းကို ဖြတ်သန်း တည်ဆောက်ထားသည့် ငမိုးရိပ်(သစ္စာလမ်း) တံတားသစ် တည်ဆောက်ရေးစီမံကိန်းမှာ ယခုအခါ တံတားတစ်စင်းလုံး တည်ဆောက်ပြီးစီးသွားပြီဖြစ် သဖြင့် နိုဝင်ဘာ ၂၉ ရက်တွင် ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည် ဖြစ်သည်။

ငွေကျပ် သန်းပေါင်း ၅၂၀၀ အကုန်အကျခံ တည်ဆောက်ထားသည့် ငမိုးရိပ်(သစ္စာလမ်း)တံတားသစ်ကို သံကူကွန်ကရစ်၊ ဘိုးပိုင်အုတ်မြစ်ဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ တံတား၏အလယ်ခန်းကို Twin Box Girder သံပေါင်ရက်မတင်ထားပြီး ကျန်အပိုင်းများကို R.C.C စနစ်ဖြင့် ဆောင်ရွက်ထားကြောင်း သိရသည်။ တံတားသစ်ကို ကွန်ကရစ်တိုင်ပေါင်း ၁၆ တိုင်ဖြင့် တည်ဆောက်ထားပြီး ပင်မတံတားအရှည်မှာ မီတာ ၂၈၀ (၉၁၈ ပေ)ရှိကြောင်း သိရသည်။ တောင်ဥက္ကလာပဘက်ခြမ်းရှိ ချဉ်းကပ်တံတားအရှည်မှာ ၆၅ မီတာ(၂၁၃ ပေ) ရှိပြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဘက်ခြမ်းရှိ ချဉ်းကပ်တံတား အရှည်မှာ ၆၃ မီတာ (၂၀၇ ပေ) ရှိကြောင်းနှင့် စုစုပေါင်း ပေအရှည် ၁၃၂၈ ပေရှိကြောင်း သိရသည်။

Design and Build နည်းစနစ်ဖြင့် တည်ဆောက်ထားသော အဆိုပါတံတားသစ်မှာ ရေပြည့်ချိန်၌ အလျားလိုက် ရေလမ်းကင်းလွတ် နယ်မြေ မီတာ ၅၀ ရှိပြီး အထက်၊ အောက်အမြင့်မှာ ရေလမ်းကင်းလွတ် နယ်မြေ ၅ ဒသမ ၅ မီတာရှိမည် ဖြစ်သည်။ တံတားမှာ နှစ်လမ်းသွားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၃ ပေရှိကာ တံတား၏တစ်ဖက်တစ်ချက်စီ၌ လူသွားလမ်းပလက်ဖောင်းများ ၁ ဒသမ ၇၅ မီတာစီ ပါဝင်သည်။ မြို့နယ်နှစ်မြို့နယ်ရှိ ပြည်သူများ အဆင်ပြေစေရန်အတွက် တံတားအပေါ်တွင် အချင်း ၁၈ လက်မရှိသော ရေပိုက်အသစ်နှစ်လုံးကို တောင်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ကို ဆက်သွယ်ထည့်သွင်းနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

တံတားသစ်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြီးကြပ်ကာ အင်ဂျင်နီယာ ၃၀၊ ကျွမ်းကျင်လုပ်သား ၃၀၀ ခန့်ဖြင့် နေ့၊ ည ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တံတားတည်ဆောက်ရေးကို တာဝန်ယူခဲ့သူ ဦးညွန့်တင်က "တံတားတည်ဆောက်ချိန်မှာ မိုးတွင်းကာလဖြစ်ခဲ့လို့ အခက်အခဲတော့ရှိခဲ့ပါတယ်၊ မြောက်ဒဂုံမြို့နယ်နဲ့ တောင်ဥက္ကလာပမြို့နယ်တွေမှာ နေကြတဲ့ ပြည်သူတွေက ဘေလီတံတားကို အသုံးပြုပြီး သွားလာနေကြရတာပါ၊ တံတားသစ်ကြီး တည်ဆောက်ပြီးစီးသွားပြီဆိုတော့ တောင်ဒဂုံမြို့နယ်နေပြည်သူတွေ၊ ပင်လုံအိမ်ရာမှာနေတဲ့ ပြည်သူတွေကပါ ဒီတံတားကနေ လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ကြတော့မှာပါ၊ ပြီးတော့ ဘေလီတံတားမှာလည်း ယာဉ်ကြောကျပ်တာ သက်သာသွားမှာဖြစ်ပြီး ပြည်သူတွေ အနေနဲ့လည်း လွယ်ကူစွာဖြတ်သန်းသွားလာနိုင်ကြမှာဖြစ်ပါတယ်"ဟု ပြောသည်။

ယခုအခါ ငမိုးရိပ်(သစ္စာလမ်း) တံတားသစ်ပေါ်၌ ပြည်သူများဖြတ်သန်းသွားလာနေကြပြီဖြစ်ကာ အဆိုပါတံတားသစ်ကို ဧပြီလပိုင်းက စတင်တည်ဆောက်ခဲ့ပြီး စက်တင်ဘာ ၅ ရက်တွင် အပြီးသတ်တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပွင့်သစ္စာ

နေ့ကလေးထိန်းကျောင်း သို့မဟုတ် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်မည်ဆိုပါက တည်ထောင်ခွင့်ပြုမိန့် ရယူရန်လို

ရန်ကုန် နိုဝင်ဘာ ၂၈

နေ့ကလေးထိန်းကျောင်း သို့မဟုတ် မူလတန်းကြိုကျောင်းများ ဖွင့်လှစ်မည်ဆိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့၏ တည်ထောင်ခွင့်ပြုမိန့်ရယူရန် လိုအပ်ကြောင်း နိုဝင်ဘာ ၂၆ ရက်က တာမွေမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၅) မူလတန်းကြိုကျောင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေ ရှင်းလင်းပွဲမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန္ဒာနွယ်ဟန်က "တစ်ခါတလေ ရပ်ကွက်ထဲ ဆင်းတဲ့အချိန်မှာ မူကြိုကျောင်းဆိုပြီး မြင်ရတာတွေက ကလေးတွေရဲ့ ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေတဲ့ နည်းလမ်းတွေနဲ့ သင်နေတဲ့ကျောင်းတွေ အများကြီး တွေ့ရပါတယ်၊ ကျွန်မတို့ဆီမှာ အပြစ်ပေးခြင်းဆိုတဲ့အပိုင်းက အရင်က မရှိဘူး၊ အခုတော့ သတ်မှတ်ထားတဲ့ လုပ်ငန်းဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်တာတွေ့ရရင် သတိပေးပြီး ဒဏ်ကြေး (သို့မဟုတ်) တည်ထောင်ခွင့်ပြုမိန့်(သို့မဟုတ်) ခွင့်ပြုချက်ကို ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊ တည်ထောင်ခွင့်ပြုမိန့်(သို့)ခွင့်ပြုချက်ကို ပယ်ဖျက်ခြင်းဆိုတာတွေ ပါလာပြီဖြစ်တဲ့အတွက် ဥပဒေနဲ့အညီ ရှင်းရှင်းလင်းလင်း ဆောင်ရွက်လို့ ရတော့မှာဖြစ်ပါတယ်" ဟု ပြောသည်။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း သိရသည်။

ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေတို့အရ ခွင့်ပြုမိန့်မရှိဘဲ နေ့ကလေးထိန်းကျောင်း သို့မဟုတ် မူကြိုကျောင်းများ ဖွင့်လှစ်ခြင်းအပြင် တည်ထောင်ခွင့်ပြုမိန့်ကို ကာလဖြင့် ရပ်ဆိုင်းထားသည့်အချိန်တွင်သော်လည်းကောင်း၊ ပယ်ဖျက်ပြီးသည့်အချိန်တွင်သော်လည်းကောင်း ဖွင့်လှစ်မည်ဆိုပါက ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရမည်ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက ပြောသည်။

ထို့ပြင် ပုဂ္ဂလိကမူလတန်းကြိုကျောင်းများဖွင့်လှစ်ပြီး ကလေးသူငယ်လုပ်ငန်းဆောင်ရွက်နေသူများကို တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအဆင့် ကြီးကြပ်မှုကော်မတီဖွဲ့စည်းပြီး ဖြစ်သည့်အတွက် မကြာခင်တွင် လူမှုဝန်ထမ်းရုံး၌ လျှောက်လွှာဖောင်များ ရောင်းချခြင်း၊ ကျောင်းများအား လိုက်လံစစ်ဆေးကာ သတ်မှတ်ချက်နှင့်ညီညွတ်သည့် ကျောင်းများကို တည်ထောင်ခွင့်ပြုမိန့် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန္ဒာနွယ်ဟန်က "တရားဝင်အသိအမှတ် မပြုရသေးတဲ့ မူကြိုကျောင်းတွေကို စာရင်းကောက်တဲ့အခါမှာ ၆၀၀ ကျော်ရှိတယ်၊ ကိုယ့်ရဲ့ စည်းမျဉ်းစည်းကမ်းနဲ့မကိုက်တဲ့ ကျောင်းတွေကို ခွင့်ပြုမိန့် ပေးစရာမလိုဘူး၊ စည်းမျဉ်း၊ စည်းကမ်းနဲ့ ကိုက်ညီမှ ပေးမယ်၊ စည်းမျဉ်း၊ စည်းကမ်းကလည်း အဓိကကတော့ ကလေးဖွံ့ဖြိုးမှုကို ဦးတည်နေတာပါ၊ ကလေးတွေ နည်းစနစ်မှန်တဲ့ ဖွံ့ဖြိုးတိုးတက်မှုကိုရဖို့ ပြုစုပျိုးထောင်ဖို့အတွက် ဒီဥပဒေ၊ နည်းဥပဒေနဲ့အညီ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်" ဟု ပြောသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမာလာစိုးက ကလေးငယ်များ၏ ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ လုပ်ဆောင်နေသည့် မူကြိုကျောင်းများ၊ နေ့ကလေးထိန်းကျောင်းများ၊ ရပ်ရွာအခြေပြု၊ အိမ်အခြေပြုလုပ်ငန်းများကို စနစ်တကျ တည်ထောင်နိုင်ရန်အတွက် ပြဋ္ဌာန်းထားသည့် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများက သိလိုသမျှ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

သီသီမင်း

ယခုဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၆ ခုအတွက် ကျပ်သန်းပေါင်း ၈၀၀၀ကျော် သုံးစွဲရန်လျာထား

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ၁၆ ခုအတွက် ကျပ်သန်းပေါင်း ၈၀၀၀ကျော် သုံးစွဲသွားရန် လျာထားကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စာရင်းများအရ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းအတွက် ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းနှစ်ခုအတွက် ကျပ် ၃၃၆၁ ဒသမ ၇၅၀ သန်း၊ တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် လုပ်ငန်း ၁၁ ခုအတွက် ကျပ် ၄၂၃၃ ဒသမ ၁၁၇ သန်း၊ တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းသုံးခုအတွက် ကျပ် သန်း ၁၀၅၀ ဒသမ ၉၄၀ စုစုပေါင်း လုပ်ငန်း ၁၆ ခုအတွက် ကျပ် ၈၆၄၅ ဒသမ ၈၀၇ သန်း သုံးစွဲရန် လျာထားကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးမှာ ပြည်ထောင်စုအရေးပေါ်ရန်ပုံငွေနဲ့ ဆောင်ရွက်မယ့် လုပ်ငန်း နှစ်ခုက လေးမျက်နှာမြို့နယ် ထူပါရုံဘုရား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းနဲ့ ဓနုဖြူမြို့နယ် မရမ်းချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတွေပဲ ဖြစ်ပါတယ်၊ မိုးမကျမီ ရေမတက်ခင် လုပ်ငန်းတွေပြီးစီးအောင် လုပ်ကိုင်သွားမှာပါ၊ အခု အကြိုအင်ဂျင်နီယာလုပ်ငန်းတွေ စတင်လုပ်ဆောင်နေပါပြီ၊ ဧရာဝတီတိုင်းဒေသကြီးမှာ သဲဆန်တဲ့ ကမ်းပါးတွေဖြစ်တဲ့အတွက် ကမ်းပြိုမှုတွေ နှစ်စဉ်များပြားပါတယ်" ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေနှင့် ဗိုလ်မြတ်ထွန်းတံတား၊ ဧရာဝတီတံတား(ညောင်တုန်း) ရေလမ်းကြောင်း ကောင်းမွန်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အခြေအနေနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၂၆ ရက်တွင် မြေပြင်ကွင်းဆင်းဆောင်ရွက်မှုများနှင့် လိုအပ်သည်များဆောင်ရွက်ရန် ဖြည့်စွက်ညွှန်ကြားခဲ့ကြောင်းလည်း သိရသည်။

ဝဝ၁

ကြေးမုံ

ပြိုကျ ကျောက်မီးသွေးတွင်းရှိ ၁၀ ဦးအနက် လေးဦး လွတ်မြောက် ထပ်ဆင်းသွားသူ နှစ်ဦး အပါအဝင် ခြောက်ဦး သေဆုံးသွားဖွယ်ရှိ

မင်းဘူး နိုဝင်ဘာ ၂၈

မင်းဘူးမြို့နယ်အတွင်းရှိ ဟန်ထက်(၁)ကျောက်မီးသွေးကုမ္ပဏီမှ တွင်းလုပ်သား ၁၀ ဦးမှာ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက လုပ်ငန်းခွင်ထဲ၌ တွင်းပြိုကျမှု ကြုံတွေ့ခဲ့ရပြီး လေးဦး လွတ်မြောက်လာခဲ့သော်လည်း ကျန်ခြောက်ဦးနှင့် အခြေအနေ ကြည့်ရှုရန်ဆင်းသွားသည့် နောက်ထပ်နှစ်ဦး ထပ်မံပိတ်မိခဲ့ကာ အားလုံး သေဆုံးသွားဖွယ်ရှိကြောင်း ကယ်ဆယ်ရေးလုပ်ဆောင်နေသည့် မီးသတ်ဦးစီး ဌာနမှ သိရသည်။

"ကယ်ဆယ်ရေးအဖွဲ့က သေဆုံးသူ နှစ်ဦးရဲ့ ရုပ်အလောင်းတွေကို ပြန်ထုတ် နိုင်ခဲ့ပါပြီ၊ ကျန်လူတွေရဲ့အပေါ်မှာ ခုနစ်ပေပတ်လည်၊ အထူ နှစ်ပေလောက်ရှိတဲ့ ကျောက်ပြားကြီးတစ်ချပ် ပိနေပါတယ်၊ အားလုံးသေဆုံးသွားပြီလို့ ယူဆရမလို ပါပဲ၊ တွင်းအပေါ်နဲ့ဘေးအကာတွေ ဆက်လက်ပြိုကျနိုင်တဲ့အတွက် မပြိုအောင် ဒေါက်ထောက်၊ ကာရံတာတွေ ဆက်လုပ်ပါမယ်၊ ကျောက်ပြားကြီးကို ခွဲထုတ်ပြီးမှ ထုတ်လို့ရမှာပါ"ဟု မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးအောင်ဝင်းစိန် က ပြောသည်။

ရွှေစက်တော်လမ်းဘေး သုံးမိုင်ခန့်အကွာ ကျောက်တစ်လုံးမြေနီကွင်း ဟန်ထက်(၁) ကျောက်မီးသွေးကုမ္ပဏီပိုင် အနက် ၂၅၃ ပေခန့်ရှိ ကျောက် မီးသွေးတွင်းမှ အလုပ်သမား ဖိုးချမ်းပါ ၁၀ ဦးသည် နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီခန့်က အနက်ပေ ၁၅၀ နှင့် ၃၀၀ ကြားရှိမြေအောက်လိုဏ်ခေါင်းအတွင်းသို့ ကျောက်မီးသွေးတူးရန် ဆင်းသွားခဲ့ကြောင်း၊ မွန်းလွဲ ၂ နာရီခွဲခန့်တွင် တွင်းဝမှ ကျောက်မီးသွေးတွင်းထဲသို့ လေမှုတ်သွင်းသည့် မိုးကာစအထူ လေပြွန်ပိုက် စက်အရင်း၌ ပိုက်ချုပ်ရိုးများ ပွင့်ထွက်သွားကာ ကျင်းအတွင်းမှ လေများ ရုတ်တရက် ပြန်ထွက်သွားခဲ့ကြောင်း၊ ယင်းအချိန်တွင် တွင်းအပေါ်နှင့် ဘေး အကာနံရံများ ပြိုကျသဖြင့် အတွင်းရှိလူများ ပိတ်မိကာ လေးဦးသာ ပြန်တက် လာနိုင်ခဲ့ကြောင်း သိရသည်။

ဆယ်ထုတ်ပြီးသော သေဆုံးသူ နှစ်ဦးမှာ ငဖဲမြို့နယ် အိုးမြေတွင်းရွာမှ အောင်ထူး (၂၂)နှစ်နှင့် အခြေအနေကြည့်ရန် နောက်မှ လိုက်ဆင်းသွားသူ နှစ်ဦးထဲမှ ကွတ်ခိုင်မြို့နယ်နေ အောင်ထွေး(ခ)ရှမ်းတရုတ် (၃၆)နှစ်တို့ဖြစ် ကြောင်း၊ ဦးဝင်းငွေ၊ ဦးဖိုးချမ်း၊ ဦးကျော်မင်း၊ ဦးကျော်မြင့်၊ ဦးကျော်စိုးနှင့် ကြည့်ရှုရန် ဆင်းသွားရင်း ပိတ်မိသူ တရုတ်နိုင်ငံသား Mr. Chen Changrui တို့ ခြောက်ဦးအား ဆယ်ထုတ်နိုင်ရန် ကြိုးစားနေပြီး နိုဝင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် နှစ်ဦး၊ ညနေပိုင်းတွင် နှစ်ဦး ဖော်ယူရရှိ၍ တရုတ်နိုင်ငံသား နှင့် ဖိုးချမ်းသာ ကျန်ရှိကြောင်း သိရသည်။

ဇေယျတု(မကွေး)

ဒီးမော့ဆိုမြို့နယ်ရှိ ဘိန်းခင်းများ ဖျက်ဆီး

ဒီးမော့ဆို နိုဝင်ဘာ ၂၈

ကယားပြည်နယ် လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ လွိုင်ကော်မူးယစ်တပ်ဖွဲ့စု(၂၀)မှ ဒုရဲမှူး မြင့်ဝင်း နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေး အဖွဲ့မှ တာဝန်ရှိသူများနှင့် နယ်မြေခံတပ်မှ ဗိုလ်ကြီး ရှိန်းထက်ဇော် ဦးစီး တပ်ဖွဲ့ဝင်များ စုစုပေါင်း ၆၆ ဦးက နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဒေါရောက်ခူ ကျေးရွာ၊ လိုဘာခိုကျေးရွာနှင့် ဆောင်ဒူကျေးရွာများရှိ ဘိန်းခင်းများကို သွားရောက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဘိန်းခင်းများဖျက်ဆီးရာတွင် ဒေါရောက်ခူကျေးရွာ အနောက်ဘက် နှစ်မိုင် ခန့်အကွာ၌ အဖူးကင်းစအရွယ်နှင့် ပွင့်၊ သီးနေသည့် ဘိန်းစိုက်ခင်း ၂၇ ဧက ကို လည်းကောင်း၊ လိုဘာခိုကျေးရွာ၏ အရှေ့မြောက်ဘက် လေးမိုင်ခန့် အကွာရှိ စိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်း တစ်ဧကခွဲနှင့် ဆောင်ဒူကျေးရွာ အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာတွင် စိုက်ပျိုးထားသည့် ဘိန်းစိုက်ခင်း တစ်ဧကခွဲ စုစုပေါင်း ဘိန်းစိုက်ဧက ၃၀ ခန့်အား ဖျက်ဆီးဆောင်ရွက် ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘူးသီးတောင်မြို့၌ မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

ဘူးသီးတောင် နိုဝင်ဘာ ၂၈

ဘူးသီးတောင်မြို့ အမှတ် ၂ ရပ်ကွက်တွင် နိုဝင်ဘာ ၂၈ ရက် ညနေ ၃ နာရီ က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အမှတ် ၂ ရပ်ကွက်ရှိ ဦးဒါနီရောင် (၃၀)နှစ်သည် ဆိုက္ကားနင်း ရန် ထွက်သွားချိန်တွင် ၎င်း၏ နေအိမ်ရှိ မီးကြွင်းမီးကျန်မှ မီးစတင်လောင်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်း၏ဇနီးဖြစ်သူ ဒေါ်အာဘော်နီး (၂၈)နှစ်ကပြောသည်။ မီးလောင် မှုကို တာဝန်ရှိသူများက အချိန်မီ မီးငြိမ်းသတ်နိုင်ခဲ့သဖြင့် အခြားနေအိမ်များသို့ မီးမကူးစက်ဘဲ ၎င်းနေအိမ်တစ်လုံးသာ မီးလောင်ခဲ့ကြောင်း သိရသည်။ အဆိုပါနေအိမ်မှာ အလျား ၁၈ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၁၀ ပေရှိ ဝါးကာ၊ ဓနိမိုးအိမ်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ခိုးမှုများ ကျူးလွန်ထားသူကို ဓားလက်နက်နှင့်အတူ ဖမ်းဆီးရမိ၊ စစ်ဆေးရာမှ ခိုးမှု ခြောက်မှု ထပ်မံဖော်ထုတ်ရရှိ

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့ သည် နိုဝင်ဘာ ၂၃ ရက် ည ၉ နာရီက နယ်မြေအတွင်း ခိုးမှု၊ လုယက်မှု ကျူးလွန်သူများကို ဖမ်းဆီးရမိရေးဆောင်ရွက်နေစဉ် ခိုးမှုများ ကျူးလွန်ထား ကြောင်း သတင်းရရှိထားသူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၈၁ ရပ်ကွက် ရွှေရည် ၂ လမ်းနေ အောင်အောင်(ခ)ကြံ့ခိုင်အောင် (၂၄)နှစ်ကို ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ၆၇ ရပ်ကွက် ချင်းတွင်းလမ်းမပေါ်၌ အရိုးအသွား ၂၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်ခဲ့သည်။

အမှုမှ ဖမ်းဆီးရမိသူ အောင်အောင်(ခ) ကြံ့ခိုင်အောင်အား အခြားခိုးမှု များ ကျူးလွန်ထားခြင်းရှိ၊ မရှိ စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၈ ရပ်ကွက် ၁၈ ကွေ့မှတ်တိုင်အနီး ရပ်ထားသော Follow Me-125 ဆိုင်ကယ်ကို လည်း ကောင်း၊ ၇၁ ရပ်ကွက် ဆိုင်ကယ်ကယ်ရီဂိတ်အနီး ရပ်ထားသော Turbo Star-125 ဆိုင်ကယ်ကိုလည်းကောင်း ခိုးယူရောင်းချခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အလားတူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ၈၈ ရပ်ကွက်ရှိ နေအိမ်ခြံဝင်း အတွင်း ရပ်ထားသော CZI – 125 ဆိုင်ကယ်ကို လည်းကောင်း၊ ၁၆၈ ရပ်ကွက်ရှိ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသော Toyo Max-110 ဆိုင်ကယ် ကို လည်းကောင်း ခိုးယူရောင်းချထားကြောင်း စစ်ဆေးသိရှိရသည်။

ထို့ပြင် ၎င်းသည် သန်လျင်မြို့နယ် မြို့ဟောင်းအနောက်ရပ်ကွက်ရှိ လမ်းမပေါ်တွင် ရပ်ထားသော Canda-125 နှင့် ဇီးကုန်းအပိုင်း ၂ ရပ်ကွက် ကျောင်းလမ်းတွင် ရပ်ထားသော Canda-125 ဆိုင်ကယ်တို့ကို ခိုးယူရောင်းချ ထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ပေါ်ပေါက်ချက်များအရ အောင်အောင်(ခ)ကြံ့ခိုင်အောင်အား သက်ဆိုင် ရာ ရဲစခန်းများတွင် အမှုများဖွင့်ကာ အရေးယူဆောင်ရွက်လျက်ရှိပြီး သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။ ပိုင်ရှင်များအနေဖြင့် လည်း မိမိတို့၏ပျောက်ဆုံးသက်သေခံပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းများတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

သန်လျင်မြို့နယ် ဇာမဏီဆည် တာကျိုး ကျေးရွာအတွင်း ရေများ ဝင်ရောက်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု လက်ယက်စမ်း ကျေးရွာအနီးရှိ ဇာမဏီဆည်သည် နိုဝင်ဘာ ၂၈ ရက် နံနက် ၆ နာရီ မိနစ် ၂၀ ခန့်က တာကျိုး၍ ကျေးရွာအတွင်းသို့ ရေများဝင်ရောက်ရာ လက်ယက်စမ်း ကျေးရွာရှိ အိမ်ခြေ ၂၀၀၀ ခန့်အနက် အိမ်ခြေ ၁၀၀ ခန့်သည် ရေ သုံးပေခန့် ဝင်ရောက်၍ အိမ်ထောင်စု ၄၅ စုမှ စုစုပေါင်း လူဦးရေ ၁၆၀ တို့မှာ နီးစပ်ရာ ဆွေမျိုးများအိမ်သို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ဇာမဏီဆည်တာကျိုးသည့်နေရာသို့ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ တပ်မတော်(ရေ)မှ အရာရှိစစ်သည် ၁၆ ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ၁၄ ဦး၊ ဆည်မြောင်းမှအင်အား ၃၀၊ ကြက်ခြေနီ တပ်ဖွဲ့ဝင် ခြောက်ဦး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မြို့နယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် အင်အား ၄၀ တို့က ဆည်ကျိုးသည့်နေရာတွင် မျောတိုင်၊ ဝါးတိုင်၊ ဝါးကပ်များဖြင့် ကာရံလျက်ရှိကြောင်း သိရသည်။

အောင်သူရ

တရားမဝင် သယ်ဆောင်လာသော အမဲသားခြောက်များ ရေပူစစ်ဆေးရေးစခန်းတွင် သိမ်းဆည်းရမိ

မူဆယ် နိုဝင်ဘာ ၂၈

မူဆယ်မြို့သို့ သွားရောက်မည့် ယာဉ်များကို ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့က စစ်ဆေးလျက်ရှိရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမဲသား ခြောက် သယ်ဆောင်လာမှုအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ နိုဝင်ဘာ ၂၇ ရက်က သိမ်းဆည်း ရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်း စစ်ဆေးရေးအဖွဲ့က မူဆယ်သို့ သွားရောက်မည့် ခရီးသည်တင် ယာဉ်တစ်စီးအား တားဆီးစစ်ဆေး ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အမဲသား ခြောက် ၁၂၇ ပိဿာ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၂၇၀ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သိရသည်။

တရားမဝင် ကုန်စည်များ တားဆီးစစ်ဆေး လျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းတွင် တရားမဝင် ကုန်စည်တားဆီး နိုင်ခဲ့မှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆ ဒသမ ၄၀၃ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတွင် တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၆၀ သန်းခန့်) စုစုပေါင်း တားဆီးနိုင်ခဲ့မှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇ ဒသမ ၈၆၃ သန်းခန့်) သိမ်းဆည်းရမိခဲ့ကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

အဆိုပါ နိုဝင်ဘာ ၂၇ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် ပို့ကုန် ၁၀၂၀၊ သွင်းကုန် ၈၈၅ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၇ စီး၊ သွင်းကုန် ၁၂၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိကြောင်း အကောက်ခွန် ဦးစီးဌာနမှ သိရသည်။

ဝဝ၁

ရွှေကူမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၈

ရွှေကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် နံနက် ၁ နာရီခွဲက ရွှေကူမြို့နယ် စီမော်-မိုးကင့် ကားလမ်းမတွင် ဝင်းကျော် မောင်းနှင်ပြီး စောနွဲ့ထွန်းထွန်းဝေ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၁၂ ခွက်(အလေးချိန် ၁၃၄ ဒသမ ၆၄ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃၈၀ တို့ကို သိမ်းဆည်း ရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

လူကာကူ ပြစ်ဒဏ်ချမှတ်မခံရခြင်းအပေါ် ဝေဖန်မှုများထွက်ပေါ်

မန်ယူတိုက်စစ်မှူး လူကာကူမှာ ဘရိုက်တန်နောက်ခံလူ ဂေတန်ဘောင်းကို နှစ်ချက်ဆင့်ကန်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲချိန်အတွင်း ဒိုင်အဖြစ် တာဝန်ယူသူများက မြင်တွေ့ခဲ့ခြင်းမရှိသလို အက်ဖ်အေကလည်း နောက်ကြောင်းပြန်အရေးယူမှုမျိုး ဆောင်ရွက်မည်မဟုတ်ဟု ထုတ်ပြန်ခဲ့ပြီးနောက် ယင်းကိစ္စရပ်အပေါ် ဝေဖန်မှုများထွက်လာခဲ့သည်။ လူကာကူ၏လုပ်ရပ်ကို ဒိုင်လူကြီး နေးလ်ဆွာဘရစ်ချ်က မြင်တွေ့ခြင်းမရှိသဖြင့် ပွဲချိန်အတွင်း အရေးယူမှုတစ်စုံတစ်ရာချမှတ်ခြင်းမရှိခဲ့သလို အက်ဖ်အေ(အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်)ကလည်း နောက်ကြောင်းပြန်အရေးယူမှုမျိုးမလိုအပ်ကြောင်း ကြေညာခဲ့သည်။

ယခင်ပရီမီယာလိဂ်တွင် ဒိုင်အဖြစ်ဆောင်ရွက်ခဲ့သူ မာ့ခ်ဟော်ဆေးလ်က လူကာကူ ကံကောင်းလွန်းသည်ဟု မှတ်ချက်ပြုခဲ့သလို ဘီဘီစီအားကစားသတင်းတင်ဆက်သူ အီယန်ရိုက်ကလည်း အက်ဖ်အေကို ပြစ်တင်ဝေဖန်မှုပြုခဲ့သည်။ လူကာကူအနေဖြင့် ဘောင်းကို နှစ်ချက်ဆင့်ကန်ရန် ကြိုးပမ်းခဲ့မှုသည် ဥပဒေ ၁၂ အရ အပြစ်ကျူးလွန်ခြင်းဖြစ်သော်လည်း အရေးယူမှုမရှိခဲ့သဖြင့် ဝေဖန်မှုများ သောသောညံခဲ့ခြင်းဖြစ်သည်။

လာမည့်နှစ် ဇန်နဝါရီလ အထိ ဂေါ့ဇီ အနားယူရမည်

ဒေါ့မွန်ကွင်းလယ်လူ ဂေါ့ဇီမှာ ရှော်လ်ကေးနှင့် သရေကျခဲ့သည့် ပွဲစဉ်တွင် ခြေချင်းဝတ်အရွတ်ကြော စုတ်ပြဲဒဏ်ရာရရှိသွားခဲ့ရာ ယင်းဒဏ်ရာကြောင့် လာမည့်နှစ် ဇန်နဝါရီလအထိ အနားယူရတော့မည်ဖြစ်သည်။ ဂေါ့ဇီမှာ ပြီးခဲ့သည့်နှစ်ကလည်း ကျန်းမာရေးပြဿနာကြောင့် တစ်နှစ်ပတ်လုံးလိုလို အနားယူခဲ့ရပြီးနောက် ယခုနှစ် ဘောလုံးရာသီရောက်မှသာ ပြန်လည်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အသင်းက ဂေါ့ဇီ ဒဏ်ရာရသွားခြင်းမှာ အသင်းအတွက် သတင်းဆိုးဖြစ်သော်လည်း အသက်၂၅ နှစ်သာ ရှိသေးသဖြင့် ခြောက်ပတ် အနားယူပြီးနောက် ပြန်လည်ကစားနိုင်မည်ဟု မျှော်လင့်ကြောင်း "အစောဆုံးအနေနဲ့ ပြန်ကစားနိုင်မယ်ဆိုရင်တောင် ဇန်နဝါရီ ၁၄ ရက် ဝုဖ်ဘတ်နဲ့ ပွဲစဉ်မှသာ ပြန်လည်ကစားနိုင်ပါလိမ့်မယ်"ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဂေါ့ဇီသည် ဂျာမနီလက်ရွေးစင်အသင်းအတွက် ၆၃ ပွဲတွင် ၁၇ ဂိုး သွင်းယူထားပြီး ၂၀၁၄ ကမ္ဘာ့ဖလားဗိုလ်လုပွဲတွင် အာဂျင်တီးနားအသင်းဘက်သို့ နာကျင်အချိန်ပိုတွင် သွင်းယူခဲ့သည့်ဂိုးမှာ သူ၏ အကျော်ကြားဆုံး သွင်းဂိုးတစ်ဂိုးဖြစ်သည်။

ပရိသတ်တွေ အချစ်ပိုခဲ့ရတဲ့ ဆာလာ

လီဗာပူးအသင်း တောင်ပံတိုက်စစ်မှူး ဆာလာဟာ အသင်းဟောင်း ချယ်လ်ဆီးကို ရင်ဆိုင်ခဲ့တဲ့ပွဲမှာ လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပေမယ့် အောင်ပွဲခံခြင်းမရှိတာကြောင့် ချယ်လ်ဆီးပရိသတ်တွေရဲ့ ချစ်ခင်မှုရရှိခဲ့သလို ခုနောက်ဆုံး ထွက်လာပြန်တဲ့ ဗီဒီယိုမှတ်တမ်းကလည်း ချယ်လ်ဆီးပရိသတ်တွေရဲ့ ထပ်တိုးမေတ္တာကို ရရှိခဲ့ပြန်ပါတယ်။ ပွဲမစတင်မီ ဆာလာက အသင်းဟောင်း ချယ်လ်ဆီးရဲ့ ကစားသမားတွေကို ရင်းရင်းနှီးနှီးနဲ့နှုတ်ဆက်ခဲ့တဲ့ ပုံရိပ်တွေဟာ YouTube ပေါ် တက်လာခဲ့တာကြောင့် ဒီအတွက် ဆာလာကို ချီးမွမ်းမှုတွေ ပလူပျံလာတာ ဖြစ်ပါတယ်။

ဆာလာဟာ လီဗာပူးအတွက် ဦးဆောင်ဂိုးကို လှလှပပသွင်းယူပေးခဲ့ပေမယ့် အောင်ပွဲခံခြင်းမရှိတဲ့အပေါ် ထင်မြင်ချက်တွေ အမျိုးမျိုးဖြစ်လာခဲ့ပြီး အချို့ကလည်း အီဂျစ်နိုင်ငံမှာ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့်ဖြစ်တယ်၊ အချို့ကတော့ အသင်းဟောင်းမို့ လေးစားမှုပြသတဲ့အနေနဲ့ အောင်ပွဲမခံတာစသဖြင့်ပါပဲ။ ဆာလာဘက်ကတော့ သူဘာလို့ အောင်ပွဲမခံတာလဲဆိုတာ အခုထိ ရှင်းလင်းပြောကြားခြင်းမရှိပေမယ့် ချယ်လ်ဆီးပရိသတ်တွေကတော့ "အောင်ပွဲမခံတဲ့ ဆာလာကို လေးစားပါတယ်၊ ဖြူစင်ရိုးရှင်းတဲ့ အရည်အသွေးပါပဲ"လို့ ဆိုကြပါတယ်။

မေလဲ့သင်း - ရေးသားသည်

မွန်တဲလားကို ထုတ်ပယ်ပြီး ဂတ်တူဆိုကို နည်းပြသစ်အဖြစ် အေစီမီလန် ခန့်အပ်

အေစီမီလန်အသင်းသည် မွန်တဲလားကို ထုတ်ပယ်ပြီး ကွင်းလယ်လူဟောင်း ဂတ်တူဆိုကို နည်းပြသစ်အဖြစ် အစားထိုးခန့်အပ်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ အေစီမီလန်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ကိုးပွဲတွင် နှစ်ပွဲသာ အနိုင်ရခဲ့ပြီးနောက် ဦးဆောင်သူ နာပိုလီနှင့် ၁၈ မှတ်အထိ ကွာဟသွားခဲ့ပြီး ရမှတ် ၂၀ ဖြင့် အမှတ်ပေးဇယား အဆင့် ၇ နေရာတွင်သာ ရပ်တည်နေသည်။ အေစီမီလန်သည် ပြီးခဲ့သည့် တနင်္ဂနွေနေ့က ယှဉ်ပြိုင်ခဲ့သည့် ပွဲတွင် တိုရီနိုအသင်းကို အိမ်ကွင်းတွင် ဂိုးမရှိ သရေသာ ကစားနိုင်ခဲ့ပြီးနောက် ယခုနှစ်ဘောလုံးရာသီ ၁၄ ပွဲအပြီးတွင် ခုနစ်ပွဲအထိ ရှုံးပွဲကြုံခဲ့ရသည်။

ဂတ်တူဆိုသည် အေစီမီလန် ကွင်းလယ်လူဟောင်းဖြစ်ပြီး လူငယ်အသင်းကို ကိုင်တွယ်နေရာမှ ယခုလို အသင်းကြီးကို တာဝန်ယူရန် ခန့်အပ်ခံရခြင်းမှာ မန်နေဂျာဘဝ နောက်ထပ်ခြေလှမ်းတစ်ရပ် ထပ်တိုးလှမ်းနိုင်ခြင်းလည်း ဖြစ်သည်။ အသက် ၃၉ နှစ်အရွယ် ဂတ်တူဆိုသည် အေစီမီလန်အသင်းအတွက် ၁၉၉၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း ကစားခဲ့ပြီး စီးရီးအေနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ရရှိခဲ့သည်။ နိုဝင်ဘာ ၂၈ ရက် မွန်တဲလားအသင်း လေ့ကျင့်ရေးကွင်းအတွင်းရှိနေစဉ် သတင်းစာရှင်းလင်းပွဲတွင် ဂတ်တူဆိုကို မြင်တွေ့ခဲ့ရပြီးနောက် မွန်တဲလားကိုထုတ်ပယ်ကာ ဂတ်တူဆိုကို ခန့်အပ်လိုက်ပြီဖြစ်ကြောင်း အေစီမီလန်အသင်းက ကြေညာခဲ့ခြင်းဖြစ်သည်။

အေစီမီလန် အသင်းသည် အမှတ်ပေးချန်ပီယံ ၁၈ ကြိမ်၊ ချန်ပီယံလိဂ် ခုနစ်ကြိမ် ရယူနိုင်ခဲ့သည့် အစဉ်အလာကြီးမားသည့် အသင်းဖြစ်သော်လည်း ၂၀၁၃ ခုနှစ်ကတည်းက ထိပ်ဆုံးသုံးနေရာအတွင်း ဝင်ရောက်ခြင်းမရှိခဲ့ပေ။ ပြီးခဲ့သည့်နှစ် ဧပြီလတွင် အေစီမီလန်အသင်းကို တရုတ်လုပ်ငန်းရှင် လီယောင်ဟောင် ဝယ်ယူခဲ့ပြီးနောက် အပြောင်းအရွှေ့အတွက် ပေါင် ၂၀၅ သန်း အသုံးပြုခဲ့ပြီးဖြစ်သည်။ အေစီမီလန်အသင်း၏ ထုတ်ပြန်ချက်တွင် "ကျွန်တော်တို့အနေနဲ့ မစ္စတာ မွန်တဲလားနဲ့ သူ့ရဲ့ ဝန်ထမ်းတွေရဲ့ ကြိုးစားဆောင်ရွက်ခဲ့မှုအပေါ် ကျေးဇူးတင်ပါတယ်"ဟု ဖော်ပြပါရှိသည်။

နာပိုလီရဲ့အရည်အသွေးကို မေးခွန်းထုတ်မယ့် ဂျူဗင်တပ်

ရှိုင်းမင်းမင်း

၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုန်သံ-၁၅

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်-၁၅ ကို လာမယ့် ဒီဇင်ဘာ ၂၊ ၃၊ ၄၊ ၅ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်ပြီး အသင်းကြီး နှစ်သင်းဖြစ်တဲ့ နာပိုလီနဲ့ ဂျူဗင်တပ်တို့ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေကာ နာပိုလီရဲ့ ခြေစွမ်းအစစ်အမှန်ကို မြင်တွေ့ရနိုင်မလားဆိုတာ စောင့်ကြည့်ရမယ်။

ရိုးမား - SPAL နံနက် ၀၀း၀၀ (၂-၁၂-၁၇)

လက်ရှိအချိန်မှာ ရိုးမားအနေနဲ့ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ အထူးသဖြင့် ရိုးမားအနေနဲ့ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံ ပိုမိုကောင်းမွန်တတ်တာကြောင့် SPAL ကိုဖိအားပေးနိုင်ဖို့ရှိနေပါတယ်။ SPAL က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပါတယ်။ အသင်းလိုက်ခြေစွမ်းပိုင်းအရ မဆိုးပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ အားနည်းမှုတွေရှိနေတာကြောင့် ရိုးမားကို တုံ့ပြန်ကစားနိုင်ဖို့ ခက်ပါတယ်။ အိမ်ကွင်းမှာ ရိုးမားကသာ နိုင်ပွဲရယူနိုင်ဖို့ရှိနေပါတယ်။

နာပိုလီ - ဂျူဗင်တပ် နံနက် ၂း၁၅ (၂-၁၂-၁၇)

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ အမှတ်ပေးဇယားထိပ်ဆုံးက နာပိုလီအနေနဲ့ ချန်ပီယံဖြစ်ဖို့ဆိုရင် ဒီပွဲနိုင်ထားဖို့လိုတာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းဖြစ်နေပါတယ်။ နာပိုလီခြေက အိမ်ကွင်းမှာ ပိုမိုကောင်းမွန်တတ်သလို လက်ရှိအချိန်မှာ ဂျူဗင်တပ်ကလည်း ခြေစွမ်းပိုင်းအနည်းငယ်ကျဆင်းနေပါတယ်။ အိမ်ကွင်းမှာ နာပိုလီတို့ အနိမ့်ဆုံး သရေလောက်ရမယ်။

တိုရီနို - အတ္တလန္တာ နံနက် ၂း၁၅ (၃-၁၂-၁၇)

အတ္တလန္တာက ယူရိုပါလိဂ်ပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်သွားပြီဖြစ်တာကြောင့် စီးရီးအေကို ပြန်လည်အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့် အတ္တလန္တာခြေက အခုနောက်ပိုင်း ပြန်လည်ကောင်းမွန်လာသလို တိုက်စစ်ပိုင်းလည်း ထက်မြက်နေပါတယ်။ တိုရီနိုက အိမ်ကွင်းကစားပုံမဆိုးပေမယ့် စီးရီးအေကို ပြန်လည်အားစိုက်မယ့် အတ္တလန္တာတို့ သရေလောက်ကစားနိုင်မှာပါ။

ဘီနီဗန်တို - အေစီမီလန် ည ၆း၀၀ (၃-၁၂-၁၇)

အေစီမီလန်ဟာ ယူရိုပါလိဂ်ပြိုင်ပွဲမှာ နောက်တစ်ဆင့်တက်ဖို့ သေချာသွားတဲ့အပြင် အုပ်စုပထမနေရာအတွက်ပါ သေချာနေပြီဖြစ်တာကြောင့် အမှတ်လိုအပ်နေတဲ့ စီးရီးအေကို ပြန်လည်အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဘီနီဗန်တိုက အိမ်ကွင်းဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းက အတော်လေးအားနည်းမှုတွေရှိနေပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေအားနည်းနေတာကြောင့် အေစီမီလန်ကို တုံ့ပြန်နိုင်ဖို့ ခက်ပါတယ်။ အေစီမီလန်ကသာ အဝေးကွင်းနိုင်ပွဲရမယ်။

ဖီအိုရင်တီးနား - ဆာစူအိုလို ည ၈း၃၀ (၃-၁၂-၁၇)

ဖီအိုရင်တီးနားက ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေပေမယ့်လည်း အခုအချိန်မှာ အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့် အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့ ဒီပွဲစဉ်မှာတော့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဆာစူအိုလိုက အဝေးကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံကောင်းမွန်တတ်ပြီး တိုက်စစ်ကလည်း ဂိုးသွင်းခြေပိုမိုကောင်းမွန်တတ်တာကိုသတိပြုရမှာပါ။ ဒါကြောင့် ဖီအိုရင်တီးနား နိုင်ပွဲရနိုင်ပေမယ့် ဂိုးမပြတ်ဘူး။

အင်တာ - ချီယေဗို ည ၈း၃၀ (၃-၁၂-၁၇)

နာပိုလီနဲ့ ဂျူဗင်တပ်တို့ ရင်ဆိုင်ရမယ့်အချိန်မှာ အင်တာမီလန်အနေနဲ့ ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်သလို လက်ရှိ အင်တာမီလန်ခြေကလည်း ကောင်းမွန်မှုရှိနေပါတယ်။ ချီယေဗိုကတော့ လက်ရှိခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိနေတာကြောင့်လည်း အင်တာမီလန် အခွင့်အရေးပိုမိုရယူနိုင်မှာပါ။ အိမ်ကွင်းမှာ အင်တာမီလန်ကသာ နိုင်ပွဲရယူသွားနိုင်ဖို့ရှိနေပါတယ်။

ဆမ်ဒိုးရီးယား - လာဇီယို နံနက် ၂း၁၅ (၄-၁၂-၁၇)

ယူရိုပါလိဂ်မှာ လာဇီယိုက အုပ်စုပထမနေရာနဲ့ နောက်တစ်ဆင့်တက်နိုင်ဖို့ သေချာသွားပြီဖြစ်ပါတယ်။ ဒါကြောင့်လည်း လာဇီယိုတို့ ဒီစီးရီးအေပွဲကို အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် လာဇီယိုခြေကလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့် ဆမ်ဒိုးရီးယားကလည်း ခြေစွမ်းပိုင်းကောင်းနေကာ အိမ်ကွင်းပွဲတွေမှာ တုံ့ပြန်ကစားပုံ ပိုမိုထက်မြက်တာကြောင့် လာဇီယိုတို့လွယ်လွယ်အနိုင်မရနိုင်ပါဘူး။ လာဇီယိုတို့ အိမ်ကွင်းမှာ အနိုင်ရနိုင်ပေမယ့်လည်း ဂိုးပြတ်ဖို့ ခက်လွန်းပါတယ်။

နိုဝင်ဘာ ၃၀ ရက်နေ့ နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားကြမည့် ပွဲစဉ်များ

ပြင်သစ်လီဂူး ပွဲစဉ် (၁၅)

အန်ဂါးစ်	ရန်းနက်စ်	၁၂း၃၀
ဂူအင်ဂမ့်	မောင့်ပယ်လီယာ	၁၂း၃၀
လိုင်ယွန်	လိုင်လီ	၁၂း၃၀
မက်ဇ်	မာဆေး	၁၂း၃၀
နန့်တက်	မိုနာကို	၁၂း၃၀
တူးလော့	နိုက်	၁၂း၃၀
ပီအက်စ်ဂျီ	ထရွိုင်းယက်	၂း၃၀

ပရီမီယာလိဂ် ပွဲစဉ် (၁၄)

ချယ်လ်ဆီး	ဆွမ်ဆီး	၂း၁၅
အာဆင်နယ်	ဟက်ဒါလ်ဖီး	၂း၁၅
ဘုန်းမောက်	ဘန်လေ	၂း၁၅
အဲဗာတန်	ဝက်စ်ဟမ်း	၂း၃၀
မန်စီးတီး	ဆောက်သမ်တန်	၂း၃၀
စတုတ်စီးတီး	လီဗာပူး	၂း၃၀

ခိုင်ဝင်း

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဝင်းကို(အငြိမ်းစားဥပဒေအရာရှိ)-ဒေါ်ခင်လှကြည်တို့၏သား၊ မယမင်းကို[B.A(Hist)]၏မောင်၊ ဒေါက်တာဇေယျာကို(ဦးစီးအရာရှိ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေရုံး)-မနီလာဝင်း[B.A(Eco)]တို့၏အစ်ကို၊ မောင်ဇာနည်ကို[Chief Officer (F.G) Uniteam Marine Crews Management Co.,Ltd]နှင့် ရန်ကုန်မြို့နေ ဦးအောင်ခင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ခင်စန်းမြင့်တို့၏ သမီး၊ မောင်ပြည့်ဖြိုးထွန်း-မစုထိုက်စံ(LL.B)တို့၏အစ်မ-မဆုဝတ်ရည်(LL.B) "ရွှေညီကို" နိုင်ငံခြားကလစ်မျိုးစုဖြန့်ချိရောင်းဝယ်ရေး၊ သိမ်ကြီးဈေး D ရုံတို့၏ ၂၆-၁၁-၂၀၁၇ ရက်က Sky Star ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့သောမင်္ဂလာဧည့်ခံပွဲ၌ အောင်မင်္ဂလာပန်းကုံးချီးမြှင့်ပေးပါသော မဟာသဒ္ဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ၊ သီရိသုဓမ္မမဏိဇောတရေ၊ Dr.ဦးစိုးသိန်း(Managing Director Shwe Dana Aung Co.,Ltd)နှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်ချိုအုန်း(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့အားလည်းကောင်း၊ အောင်မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ရန်ကုန်အရှေ့ပိုင်းခရိုင်ဥပဒေအရာရှိ ဦးကိုကိုလေးနှင့်ဇနီး ဒေါ်ခင်ခင်ကြည်တို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မလွင်မိမိကို၊ မင်္ဂလာဗန်းကိုင်များဖြစ်သော မဇင်ဇင်မာဝင်းနှင့် မအိန္ဒြာစိုးမင်း၊ သတို့သားအရံ မောင်ဝေဖြိုးနှင့် သတို့သမီးအရံ မနှင်းထက်ထက်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မိတ်ကပ် တော်ဝင်သူ-မေဦးမောင်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ Forever နှင့် Yes, I do.၊ ပန်းအလှဆင် Floral Paradise၊ မင်္ဂလာဖိတ်စာ အဏ္ဏဝါရွက်တိုင်၊ မင်္ဂလာတေးသံများဖြင့် ဖျော်ဖြေပေးပါသော The Aecs Musics Band အဖွဲ့နှင့် တေးသံရှင်များ၊ Sky Star ဟိုတယ်မန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်လာကြသော နှစ်ဖက်သောဂုဏ်သရေရှိ ဧည့်သည်တော်များ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုင်သူများအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇာနည်ကို-မဆုဝတ်ရည်

The Global New Light of Myanmar သတင်းစာတိုက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၇/၂၀၁၇)

၁။ The Global New Light of Myanmar သတင်းစာတိုက်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းများအား ဆိပ်ကမ်းအရောက် အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ကုန်ကြမ်းအမည်	ဝယ်ယူမည့်ပမာဏ	ကုန်ကြမ်းသတ်မှတ်ချက်များ
(က)	၆၄ လက်မစက္ကူ (1626mm)	(၁၆၅၀) တန်	(standard newsprint Paper) 45gsm, Core 76 mm, Diameter 1016 mm.
(ခ)	၃၂ လက်မစက္ကူ (813mm)	(၃၅၀) တန်	(Standard newsprint Paper) 45gsm, Core 76 mm, Diameter 1016 mm,

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁၁-၂၀၁၇ ရက်မှ ၁၉-၁၂-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁၂-၂၀၁၇ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း The Global New Light of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
၄။ တင်ဒါဖွင့်မည့် အစီအစဉ်အား ထပ်မံအသိပေးပါမည်။

တင်ဒါတင်သွင်းရန်လိပ်စာ
The Global New Light of Myanmar သတင်းစာတိုက်
အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊
ဖုန်း-၈၆၀၄၅၃၀၊ ၀၉-၇၇၀၆၇၇၅၁၃

ရွှေထူးလွှင်

[illegible]
09 450044494 , 09 450044496

[illegible] Ph:09787200619

[illegible]

အသိပေးကြေညာချက်

ဂျပန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့မှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MERCURY LEADER V.03 သင်္ဘောသည် ၃၀-၁၁-၂၀၁၇ ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည် ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၁၈/၂၀၁၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	မှတ်ချက်
(က)	DMP/L-078(17-18)	Spares for CAT D-333 C Lighting Set Engine (45) Items	Ks
(ခ)	DMP/L-079(17-18)	Spares for Gas Filtration & Pressure Regulating System (6)Items	Ks
(ဂ)	DMP/L-080(17-18)	SAE VG 15 W 40 Engine Oil & ISO VG 100 Engine Oil (2) Items	Ks
(ဃ)	DMP/L-081(17-18)	Special Tools for CAT G-3516 C & CAT G-3512 Lighting Set Engine (15) Items	Ks
(င)	DMP/L-082(17-18)	Spares for 55 Ton Hitachi Sumitomo Crawler Crane (14) Items	Ks
(စ)	DMP/L-083(17-18)	Instrument and Hand Tools for Gas Control and Metering Station (11) Items	Ks
(ဆ)	DMP/L-084(17-18)	Spares for National 55 Drive Group (12) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၈-၁၂-၂၀၁၇ရက် (၁၆း၃၀)နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၂၀၆

[illegible]

ဦးသန့်ဇင် (LL-B)
Ph-09 253995848 , 09-798420119

ဒေါ်မာန်နန္ဒနိုင် (LL-B)
Ph-09-4200 73685

အမည်ပြောင်း

ကြံခင်းမြို့၊ အမက(အင်းလပ်အရှေ့) စတုတ္ထတန်းမှ ဦးသက်မြင့်[၁၄/ကခန(နိုင်)၀၀၁၈၂၄]၏ သမီး မစုရတနာအား မမေဟန်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေဟန်ထက်

ဝန်ထမ်းအလိုရှိသည်

[illegible]
ဆက်သွယ်ရန်- 01-298502
09-773729205

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

စာအုပ်စာပေ လူ့မိတ်ဆွေ

[illegible]

၁။	AISA WORLD Co.Ltd (SP) NATIONAL INFRASTRUCTURE HOLDINGS Co.Ltd	[illegible]	[illegible]	[illegible]	[illegible]	ASIA WORLD Co.Ltd director U Than Myint	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	High Tech Concrete Co.Ltd	[illegible]	[illegible]
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	High Tech concrete co.Ltd	[illegible]	[illegible]
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တိုက်ကြီးမြို့၊ အထကမှ အလယ်တန်းပြဆရာမ ဒေါ်ခင်အေးနွဲ့နှင့် တိုက်ကြီးမြို့၊ ဈေးရပ်ကွက်၊ မင်္ဂလာလမ်း၊ အိမ်အမှတ်(၄၅၅)တွင် နေထိုင်သော [၁၀/ မလမ(နိုင်)၀၂၀၈၁]ကိုင်ဆောင်သူ ဒေါ်ခင်အေးနွယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်အေးနွဲ့(ခ)ဒေါ်ခင်အေးနွယ်
အထကတိုက်ကြီး

ကန့်ကွက်နိုင်ပါသည်

ရေကြည်မြို့နယ်၊ အရှေ့လမ်းမတော်၊ အမှတ်(၄)ရပ်ကွက်၊ အသုတ်မြို့၊ အကွက်အမှတ်(၂)၊ အသုတ်မီးရထားမြို့ကွက်၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀. ၁၁၈)ဧကရှိ မြို့မြေကွက်အား ကျွန်မ ဒေါ်မြင့်မြင့်သန်း ပါ ၂ [၁၄/ရကန(နိုင်)၀၀၆၄၈၈]မှ မြေငှားဂရန် အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားမည်ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၄) ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ပိုင်ဆိုင်မှုအထောက်အထားနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရေကြည်မြို့

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်း

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၇ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာ**ဆိုသည်မှာ သွား၊ သွားဖုံး၊ သွားမြစ်ဝန်းကျင်၊ မေးရိုးနှင့်ခံတွင်းရောဂါများကို ရောဂါစစ်ဆေးရှာဖွေခြင်း၊ ဆေးဝါးဖြင့်ကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် သွားစိုက်ကုသခြင်း၊ သွားညှိကုသခြင်း၊ သွားအလှပြုပြင်ခြင်း၊ ပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါ ကြိုတင်ကာကွယ်ခြင်း၊ သွားကျန်းမာရေးမြှင့်တင်ခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ သုတေသနပြုခြင်းများ အပါအဝင် သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီကို ဆိုသည်။

(ဂ) **နာယကအဖွဲ့** ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုသည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့ ဆိုသည်မှာ ကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(င) **ကောင်စီဝင်** ဆိုသည်မှာ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီ တစ်ဦးဦးကိုဆိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ကောင်စီက ဤဥပဒေအရထုတ်ပေးသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ်ကိုဆိုသည်။

(ဆ) **သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဇ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ် ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(ဈ) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော ပြည်တွင်းသွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တစ်ခုခုမှ သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ ရရှိပြီး သတ်မှတ်ထားသည့် အလုပ်သင်ကာလပြီးဆုံးသော မြန်မာနိုင်ငံသား သွားနှင့် ခံတွင်းဆရာဝန်အား ကောင်စီကထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကိုဆိုသည်။

(ည) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာ ရရှိပြီး သတ်မှတ်ထားသည့်အရည်အချင်းပြည့်မီသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်အား ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဋ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီ၏အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ သွားနှင့်ခံတွင်းဆေးကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ ရရှိထားသော နိုင်ငံခြားသား ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးထုတ်ပေးသော ဆေးကုသခွင့် လိုင်စင်ကို ဆိုသည်။

(ဌ) **သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်** ဆိုသည်မှာ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များ ချီးမြှင့်နိုင်သည့် တက္ကသိုလ်ကိုဆိုသည်။

(ဍ) **သွားတုလုပ်ငန်းကျွမ်းကျင်သူ**ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားတုလုပ်ငန်း ကျွမ်းကျင်သူလက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဎ) **သွားဘက်ဆိုင်ရာသူနာပြု**ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ သူနာပြုမှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဏ) **သွားဘက်ဆိုင်ရာအထောက်အကူပြုသူ** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူလက်မှတ် ထုတ်ပေးခြင်းခံရသူကိုဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အရည်အသွေးမီ၍ ထိရောက်သော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့် ရရှိစေရန်၊

(ခ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာကို ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများရရှိစေရန်၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာတိုးတက်မှုကို ဆရာဝန်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ဂုဏ်သိက္ခာ ထိန်းသိမ်းမြှင့်တင်နိုင်ရန်၊

(စ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၊ သွားတုလုပ်ငန်းကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ သူနာပြု၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ၏ ရပိုင်ခွင့်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့အပေါ် တမင်လုပ်ကြံဖန်တီး၍ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ပေးရန်၊

(ဇ) လျော်ကန်ကောင်းမွန်သော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသမှုပတ်ဝန်းကျင် ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးကြပ်မတ်မှု ပေးရန်။

အခန်း(၃)

ဆေးကောင်စီဖွဲ့စည်းခြင်း

၄။ (က) ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည် ဆောင်ရွက်သော၊ ဆုံးဖြတ်နိုင်သော အဖွဲ့အစည်းဖြစ်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ဝါရင့်အငြိမ်းစား သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန် (၂) ဦးပါဝင်သော နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

(ဂ) နာယကအဖွဲ့သည် အောက်ပါနည်းလမ်းအတိုင်း ကောင်စီကို ဖွဲ့စည်းပေးရမည်-

(၁)	မြန်မာနိုင်ငံသွားနှင့်ခံတွင်း ဆရာဝန်အသင်းဥက္ကဋ္ဌ	(၁)ဦး
(၂)	ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာနမှ အရာထမ်း	(၃)ဦး
(၃)	ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးချုပ်ရုံးမှ ဝန်ထမ်း	(၁)ဦး

စုစုပေါင်း(၅)ဦးကို နာယကအဖွဲ့မှ တိုက်ရိုက်ရွေးချယ်၍ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း)(၁)ဦး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခ(ငြိမ်း)(၁)ဦးနှင့် ကျန်ကောင်စီဝင် (၁၁)ဦး ပေါင်း(၁၃)ဦးကို အများဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးပြီး လွတ်လပ်တရားမျှတသောရွေးချယ်တင်မြှောက်ပွဲဖြင့် ဆန္ဒမဲပေးပြီး မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်စေရန်၊ ကောင်စီကို နာယကအဖွဲ့မှတိုက်ရိုက်ရွေးချယ်ပေးထားသော(၅)ဦး၊ အများဆန္ဒမဲဖြင့် ရွေးချယ်ထားပြီးဖြစ်သော သွားနှင့်ခံတွင်းဆိုင်ရာ ကောင်စီဝင် (၁၃)ဦး၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆရာဝန်များက မိမိတို့အနက်မှ ဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်ခံရသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်(၁)ဦးစီ မှ(၁၅)ဦး(စုစုပေါင်း ၁၈ဦး+၁၅ဦး=ကောင်စီအဖွဲ့ဝင်၃၃ ဦး)ဖြင့် ဖွဲ့စည်းရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင် ဥက္ကဋ္ဌ(၁)ဦး၊ ဒုတိယဥက္ကဋ္ဌ(၁)ဦး၊ အတွင်းရေးမှူး (၁)ဦး၊ တွဲဖက်အတွင်းရေးမှူး (၁)ဦး၊ ဘဏ္ဍာရေးမှူး(၁)ဦးနှင့် စာရင်းစစ်(၁)ဦး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်(၇)ဦးပါဝင်သော အလုပ်အမှုဆောင် အဖွဲ့ကို ရွေးချယ်ထားပြီးဖြစ်သော ကောင်စီဝင်(၃၃)ဦး၏ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရမည်။

၅။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး အရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းများတွင်စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူဖြစ်ရမည်။

(ဂ) သွားနှင့်ခံတွင်းဆေးလောကတွင် လူအများယုံကြည်လေးစားမှုရှိသော သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ဖြစ်ရမည်။

၆။ (က) (၁) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၅)နှစ်ဖြစ်သည်၊

(၂) ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့် အညီဖြစ်သည်၊

(၃) ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် သက်တမ်း (၂) ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ၊

(၄) ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို သက်တမ်းတစ်ခုဟု မသတ်မှတ်ရ၊

(၅) ကောင်စီ သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်တို့သည် ကောင်စီအသစ် ဖွဲ့စည်းပြီးသည့် အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ကောင်စီဝင်များ၏ အရည်အချင်းကို အောက်ပါအတိုင်းသတ်မှတ်သည်-

(၁) သွားနှင့်ခံတွင်း ဆေးကုသခွင့်လိုင်စင်ရှိပြီး ကျန်းမာရေးနှင့် ပြည့်စုံသူ၊

(၂) သွားနှင့်ခံတွင်း ဆေးကုသခွင့်လိုင်စင်သက်တမ်းအနည်းဆုံး အနှစ်(၁၅)ရှိသူ၊

(၃) သွားဘက်ဆိုင်ရာဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ရမည်။

အခန်း(၄)

ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၇။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပရှိ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်နှင့် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာအတွက် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်း၊

(ခ) ကောင်စီက အသိအမှတ်ပြုထားသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် သိက္ခာများကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းများကို အခါအားလျော်စွာ ပြုစုထုတ်ပြန်ခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးနှင့်အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန် လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလိုဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် သွားတုလုပ်ငန်းများ အပါအဝင် အခြားနီးနွယ်သော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သော စံချိန်စံညွှန်း သတ်မှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်းနှင့် အသိပေးတင်ပြခြင်း၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာသင်ကြားမှုအဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော သွားနှင့်ခံတွင်း ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာတက္ကသိုလ်သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သူများအား တရားစွဲဆိုခြင်း၊

(ဈ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၊ သွားတုလုပ်ငန်းကျွမ်းကျင်သူများ၊ သွားဘက်ဆိုင်ရာ သူနာပြု၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူများသည် ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းပါလျက်နှင့် ၎င်းတို့အပေါ် တမင်လုပ်ကြံဖန်တီး၍ အကျိုးစီးပွား ထိခိုက်နစ်နာအောင် ပြုလုပ်ခြင်းများကို စုံစမ်းစစ်ဆေး ဖော်ထုတ်ခြင်းနှင့် တရားစွဲဆိုခြင်း။

၈။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ဖော်ပြပါကော်မတီများကိုဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) ပြည်တွင်း၊ ပြည်ပ ဘွဲ့လက်မှတ် စိစစ်ရေးကော်မတီ၊

(၂) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေး ကော်မတီ၊

(၃) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၊

(၄) စံချိန်စံညွှန်း သတ်မှတ်ရေး ကော်မတီ၊

(၅) သွားနှင့်ခံတွင်းဆေးပညာရပ် အရည်အချင်းစိစစ်ရေး ကော်မတီ၊

(၆) အခြားလိုအပ်သော ကော်မတီများ။

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင်သက်တမ်း သတ်မှတ်ခြင်း၊ သက်တမ်း တိုးမြှင့်ပေးခြင်းနှင့် သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

(င) နိုင်ငံတော်နှင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာလောကအတွက် အကျိုးပြုမည့် ကိစ္စရပ်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နိုင်ငံတကာနှင့်ဒေသဆိုင်ရာ သို့မဟုတ် ပြည်တွင်းပြည်ပရှိ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

ဆက်လက်ဖော်ပြပါမည်။

ရှေးမြန်မာဘုန်းတော်ကြီးကျောင်းအဖြစ် တစ်ခုတည်းသာ ကျန်ရှိနေသော ရွှေအင်ပင်သစ်သား ကျောင်းတော်ကြီးသို့ ပြည်တွင်း၊ ပြည်ပဧည့်သည်များ စိတ်ဝင်တစား လာရောက်လေ့လာ

မန္တလေး နိုဝင်ဘာ ၂၈

မန္တလေးမြို့ ဒေးဝန်းရပ်တွင် နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိ သစ်သားဖြင့် ဆောက်လုပ်ထားပြီး ရှေးဟောင်းယဉ်ကျေးမှုအနုပညာ ပန်းပုလက်ရာများဖြင့် ခြယ်မှုန်းထုဆစ်ထားသည့်အပြင် ရှေးမြန်မာ ဘုန်းတော်ကြီးကျောင်းအဖြစ် တစ်ခုတည်းသာ ကျန်ရှိနေသည့် ရွှေအင်ပင်ကျောင်းတော်ကြီးသို့ ပြည်တွင်းဧည့်သည်များသာမက ပြည်ပဧည့်သည်များပါ စိတ်ဝင်တစား လာရောက်လေ့လာ ကြည့်ရှုကြကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်မဖြစ်ခင် မန္တလေးမြို့တွင် သစ်သားဖြင့် ဆောက်လုပ်လှူဒါန်းခဲ့သည့် ဘုန်းတော်ကြီးကျောင်း လေးကျောင်းရှိခဲ့သော်လည်း သုံးကျောင်းမှာ ဒုတိယကမ္ဘာစစ်ဒဏ်ကြောင့် မီးလောင်ပျက်စီးသွားကာ သစ်ပင်ကြီးများဖြင့် အုံ့ဆိုင်းဝန်းရံနေသည့် ရွှေအင်ပင်ကျောင်းကြီးသာလျှင် စစ်မီးဘေးမှ ကင်းဝေးကာ ယနေ့အချိန်အထိ မြန်မာမှုအနုပညာလက်ရာများစွာဖြင့် တစ်ခုတည်းသာကျန်ရှိသော ဘုန်းတော်ကြီးကျောင်းဖြစ်သည်။

"မြန်မာ့လက်မှုအနုပညာကို ပြသဖို့ဦးစားပေးထားတဲ့ ခရီးစဉ်ကြောင့် ဒီကျောင်းကိုလာလေ့လာဖြစ်တာပါ။ ဒီကျောင်းကြီးမှာ ရှေးမြန်မာဘုရင်တွေရဲ့ ခမ်းနားကြီးကျယ်မှုနဲ့ မြန်မာလူမျိုးတွေရဲ့ အနုပညာကိုတွေ့ရတဲ့အတွက် အလွန်လေးစားမိတယ်၊ ဒီလိုအဆောက်အအုံတွေနဲ့ မြန်မာ၏ ရေမြေတောတောင်အလှအပတွေ တွေ့ရတော့ ကျေနပ်မိတယ်၊ မြန်မာလူမျိုးတွေရဲ့ ဖော်ရွေမှုနဲ့ နေထိုင်မှုသဘာဝကိုလည်း မျက်မြင်ကိုယ်တွေ့ တွေ့ရတဲ့အတွက် ဒီကိုလာရတာပျော်ပါတယ်" ဟု ယခုနှစ် ခရီးသွားရာသီတွင် မန္တလေးကို လာရောက်လည်ပတ်သော ပြင်သစ်နိုင်ငံသူ မီရယ်ပယ်ရီယာက ပြောသည်။

ခရီးသွားရာသီတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် နိုင်ငံတကာခရီးသွားများကို မန္တလေးမြို့တွင် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများ ပေါများရာဒေသများသို့ အဓိကဦးစားပေး၍ ပို့ဆောင်ပေးလျက်ရှိပြီး ၎င်းတို့သိလိုသည်များကိုလည်း သမိုင်းအထောက်အထားခိုင်မာစွာဖြင့် ရှင်းလင်းပြောကြားပေးလျက်ရှိကြောင်း ဧည့်လမ်းညွှန် ကိုအုန်းကျော်က ပြောကြားသည်။

"နိုင်ငံခြားသားတွေ မြန်မာနိုင်ငံရဲ့အထင်ကရနေရာတွေကို လာရောက်လည်ပတ်တဲ့အခါမှာ ဒီရွှေအင်ပင်ဘုန်းကြီးကျောင်းကိုလည်း လှပတဲ့ဘုန်းကြီးကျောင်းတစ်ခုအနေနဲ့ ထည့်သွင်းပြီး ပြသပေးတာပါ၊ ဒီဘုန်းကြီးကျောင်းကိုလာလည်ရတာ သူတို့ တော်တော်သဘောကျတယ်၊ ဘုန်းကြီးကျောင်းထဲမှာ ဘုန်းကြီးကျောင်း အင်္ဂါရပ်အပြည့်စုံဆုံးနဲ့ မြန်မာ့လက်ရာ ရှေးနန်းတွင်း အဆောက်အအုံပုံစံမျိုးကို ဒီမှာတွေ့ရတဲ့အတွက် သူတို့ကျေနပ်ပါတယ်၊ အဓိကလိုက်ပို့တာတော့ တန်ခိုးကြီးဘုရားထဲမှာဆိုရင် မဟာမုနိ၊ ဘုန်းကြီးကျောင်းတွေထဲမှာ ရွှေအင်ပင်၊ ရွှေနန်းတော်ကျောင်းနဲ့ နန်းတွင်းထဲကို လိုက်ပို့ပါတယ်"ဟု ၎င်းက ပြောသည်။

ရှေးခေတ်မြန်မာတို့၏ သစ်သားဖြင့်ဆောက်လုပ်လှူဒါန်းကြသည့် ဘုန်းတော်ကြီးကျောင်းများသည် ဘောဂဆောင်၊ ဆောင်မကြီး၊ စနုဆောင်နှင့် ပြာသာဒ်ဆောင်စသည်ဖြင့် သီးခြားအဆောင်ကြီးလေးခုဖြင့် ဖွဲ့စည်းတည်ဆောက်လေ့ရှိကြသကဲ့သို့ ရွှေအင်ပင်ကျောင်းကြီးကိုလည်း ကြမ်းတစ်ပြေးတည်းတွင် ထိုကဲ့သို့ အဆောင်လေးခုဖြင့် ပါဝင်ဖွဲ့စည်းတည်ဆောက်ထားကာ ကျောင်းဒါယကာဦးစက်ရွှင်၏ သစ်သား ပန်းပုပုံတူအား အနောက်ဘက်လှေကားဦးရှိ ဆောင်မကြီးတွင် တပ်ဆင်ထားကာ ကျောင်းအမဒေါ်ဘွား၏သစ်သားပန်းပုပုံတူကို ဘောဂဆောင်၏ ထိပ်တွင်တပ်ဆင်ထားသည်။

ရွှေအင်ပင်ကျောင်းတော်ကြီးတွင် ခေတ်အဆက်ဆက် သံဃာတော်များ သီတင်းသုံးလျက် ပရိယတ္တိ၊ ပရိပတ္တိလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး ယခုအချိန်တွင် ဆရာတော်ဦးဉာဏိကနှင့် သံဃာတော်များက ရှေးဟောင်းအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

အဆိုပါကျောင်းတော်ကြီးအား မန္တလေးမြို့နေ ကျောင်းဒါယကာ ဦးစက်ရွှင်နှင့် ကျောင်းဒါယိကာမ ဒေါ်ဘွားတို့က ၎င်းတို့ကြည်ညိုစွာကိုးကွယ်နေသည့် ဆရာတော်ဦးဇဝနဇေ သီတင်းသုံးနေထိုင်ရန်အတွက် သက္ကရာဇ် ၁၂၅၇ ခုနှစ်တွင် စတင်ဆောက်လုပ်ပြီးကျောင်းကြီး ပြီးဆုံးသည့် ၁၂၆၁ ခုနှစ်တွင် ရေစက်ချလှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

စားသုံးသူရေးရာ အကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေး

စစ်ကိုင်း နိုဝင်ဘာ ၂၈

စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာနမှ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက စစ်ကိုင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးစိုးလွင်က အမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက စားသုံးသူ အကာအကွယ်ပေးရေး ဥပဒေများ၊ အန္တရာယ်ရှိ စားသောက်ကုန်လုပ်ငန်းများ ထုတ်လုပ်ရောင်းချပါက ပြစ်မှုပြစ်ဒဏ်များ၊ အန္တရာယ်ရှိ စားသောက်ကုန်များ စားသုံးမိပါက ခံစားရမည့် ရောဂါဝေဒနာများ စသည့်အကြောင်းအရာများကို အသေးစိတ် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူလေးများက မရှင်းလင်းသည်များကို မေးမြန်းကြရာ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြကာ ကျောင်းအနီးရှိ ဈေးဆိုင်များသို့ အန္တရာယ်ရှိ စားသောက်ကုန်များ ရောင်းချမှု ရှိ-မရှိ စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဇော်မြင့်နိုင် (ခရိုင် ပြန်/ဆက်)

ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှု အလုပ်ရုံဆွေးနွေး

ချမ်းမြသာစည် နိုဝင်ဘာ ၂၈

နော်ဝေ-မြန်မာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် နော်ဝေပတ်ဝန်းကျင်အေဂျင်စီတို့ပူးပေါင်း၍ ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှု အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ၂၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် ငုရွှေဝါလမ်းထောင့်ရှိ Royal Mingalar ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးမျိုးသစ်က အဖွင့်အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာစီမံကိန်းမှ စီမံချက်တာဝန်ခံ Dr.Kare Helde Karstensen က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံအုပ်ချုပ်မှုဆိုင်ရာ သုတေသနပညာရှင် Dr.Palash Kumar Saha က စက်ရုံအလုပ်ရုံများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်နိုင်ရေးနည်းလမ်းများ၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများမှထွက်ရှိသော ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား စစ်တမ်းကောက်ယူခဲ့ခြင်းမှရရှိလာသော အချက်အလက်များ၊ ဘိလပ်မြေစက်ရုံရှိ မီးဖိုများတွင် အန္တရာယ်ရှိစွန့်ပစ်ပစ္စည်းများ မီးရှို့ဖျက်ဆီးသည့် Coprocessing နည်းပညာအသုံးပြုခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဦးမျိုးသစ်၊ မန္တလေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(မန္တလေး)ဥက္ကဋ္ဌ ဦးထွန်းကြည်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးစက်မှုဇုန်မှ အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **သီဟကိုကို(မန္တလေး)**

သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများအကြောင်း အသိပညာပေးဟောပြော

ချမ်းအေးသာစံ နိုဝင်ဘာ ၂၈

လူသုံးကုန်၊ အလှကုန်ထုတ်လုပ်ရောင်းဝယ်သူများအသင်းနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေး)တို့ ပူးပေါင်း၍သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများ ထုတ်လုပ်မှု၊ တင်သွင်းရောင်းချမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ၂၈ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၄) လမ်း ဈေးချိုတတိယထပ်ရှိ ဈေးအကျိုးတော်ဆောင်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် လူသုံးကုန်၊ အလှကုန်ထုတ်လုပ်ရောင်းဝယ်သူများအသင်း ဥက္ကဋ္ဌ ဦးနေလင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးကော်မတီဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်က စံချိန်မမီ၊ သုံးစွဲရန်မသင့်၊ အန္တရာယ်ရှိ အလှကုန်ပစ္စည်းများသည် အဆိပ်သင့်ဓာတုပစ္စည်းများပါဝင်သဖြင့် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီအကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျဉ်ခြင်း၊ ကြွက်သားများတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများဖြစ်ပွားနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအေးငြိမ်းမြတ်က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူသုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိသည်။

အလှကုန်ပစ္စည်းတင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင်မှတ်တမ်းတင်ထားရှိခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ရောင်းချခြင်းများကို လုံးဝမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ-၃၊ အပိုဒ်(၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးဟောပြောသည်။

သီဟကိုကို(မန္တလေး)

မိတ္ထီလာမြို့နယ်၌ ကျေးလက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း စက်ပြင်၊ စက်မောင်း သင်တန်းဖွင့်

မိတ္ထီလာ နိုဝင်ဘာ ၂၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတွင် ကျေးလက်လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စက်ပြင်၊ စက်မောင်းသင်တန်းကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကုန်းတောင်းကျေးရွာ၊လူးခင်းကြီးကျေးရွာ၊ နွားစမ်းတောင်ကျေးရွာနှင့် အင်းပက်လက်ကျေးရွာများမှ လူငယ်များ တက်ရောက်ခဲ့ပြီး သင်တန်း၌ စက်ပစ္စည်းအခေါ်အဝေါ် ဝေါဟာရများ၊ Timing and Adjustment၊ ရက်စက်ခြင်း၊ အခြေခံဒီဇိုင်းစသည့် ဘာသာရပ်များကို နိုဝင်ဘာ ၂၇ ရက်မှ စတင်၍ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂၆ ရက် အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသာဝက စက်ရုံ၊ အလုပ်ရုံများအတွက် ကျွမ်းကျင်သော အလုပ်သမားများပေါ်ထွန်းလာစေရန် ကိုယ်ပိုင်လုပ်ငန်း ထူထောင်လိုသူများ၊ ကျွမ်းကျင်သည့် လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန်နှင့် သင်တန်းဆင်းပြီးပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး ဆင်းရဲနွမ်းပါးမှုလျော့ကျစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ဇီးကုန်းမြို့နယ် သပြေစိန်ကျေးရွာ လျှပ်စစ်မီးလင်းမှု အခြေအနေနှင့်ပတ်သက်၍ လူထုတွေ့ဆုံပွဲ ကျင်းပ

ပဲခူး နိုဝင်ဘာ ၂၈

သပြေစိန်ကျေးရွာ လျှပ်စစ်မီးလင်းမှု အခြေအနေနှင့် ပတ်သက်၍ လူထုတွေ့ဆုံပွဲကို နိုဝင်ဘာ ၂၈ ရက် နံနက် ၈ နာရီခွဲက ဇီးကုန်းမြို့ စာတိုက်လမ်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက တိုင်းပြည်တစ်ခု တည်ဆောက်ရာတွင် ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရကြောင်း၊ ကျေးရွာလူထု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်မီးလင်းရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်၍ မိမိတို့ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဇီးကုန်းမြို့နယ်အုပ်ချုပ်ရေးမှူးက သပြေစိန်ကျေးရွာ မီးလင်းရေးနှင့် ပတ်သက်သည့် ကိစ္စရပ်များ တင်ပြခဲ့ပြီး ဇီးကုန်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာက ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် အခြေအနေများကို တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် သပြေစိန်ကျေးရွာမှ လျှပ်စစ်မီးရရှိရေးအတွက် လိုအပ်ချက်များအား တင်ပြခဲ့ရာ ဝန်ကြီးချုပ်က ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ သပြေစိန်ကျေးရွာသည် မီးလင်းရေးအတွက် ကျပ် ၂၃၉ သိန်းဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ အိမ်ခြေ ၁၁၁ လုံး၌ မီးလင်းခဲ့ကြောင်း၊ မီးလင်းရန် ကျန်ရှိသော အိမ်ခြေများအတွက် ကျပ်သိန်း ၁၂၀ ခန့် ကုန်ကျမည်ဖြစ်ရာ ကျေးရွာမှ စုဆောင်းထားရှိငွေ ကျပ် သိန်း ၈၀ နှင့် လိုအပ်သည့် ကျပ်သိန်း ၄၀ အား ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အဆိုပါလူထုတွေ့ဆုံပွဲသို့ ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ် ရေးမှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သပြေစိန် ကျေးရွာမှ မီးလင်းရေးကော်မတီနှင့် ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

GAP နည်းပညာသင်တန်း တောင်ပိုင်းခရိုင်၌ဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း သီးနှံစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP) ဝန်ထမ်းနည်းပညာပေး သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက သန်လျင်မြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပခဲ့သည်။

သန်လျင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးထွန်းမြင့်က တောင်သူများ၏ အကျိုးစီးပွား တိုးတက်မြင့်မားရေး၊ ပိုးသတ်ဆေး ဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်ဆောင်ရွက်ခြင်း၊ (GAP) နည်းပညာများ စနစ်တကျ တတ်မြောက်စေရန် ပြည်ပပို့ စိုက်ပျိုးသီးနှံများ အရည်အသွေးပြည့်မီစွာ ထုတ်လုပ် တင်ပို့နိုင်ရေး၊ တောင်သူများနှင့် ပူးပေါင်း၍ နည်းပညာ ဖြန့်ဝေဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွား တိုးတက်မြင့်မားရေးအတွက် ဤသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်သည်ဟု ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရ သည်။

သန်းဝင်း(သန်လျင်)

နယ်လိုင်စင် အငှားယာဉ်များအား မြို့တွင်းဝင်ရောက်ခွင့်မပြုဘဲ မြို့ပြင်ထုတ်မည်ဆိုသည်မှာ မမှန်ကန်

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်လိုင်စင်ဖြင့် ပြေးဆွဲနေသော အငှားယာဉ်များကို စီးတီးတက္ကစီ မှတ်ပုံတင် သက်တမ်းတိုးခြင်းနှင့် မှတ်ပုံတင် အသစ်ပြုလုပ်ခြင်းများကို ယခုနှစ် ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား ဆောင်ရွက်စေလျက်ရှိသော်လည်း နယ်လိုင်စင်ဖြင့် ပြေးဆွဲနေသည့် အငှားယာဉ်များကို ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်ခွင့် မပြုခြင်းနှင့် မြို့ပြင်ထုတ်မည်ဆိုသည်မှာ မမှန်ကန်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသော အငှားယာဉ်စီးရေမှာ ဖောင်းပွနေခြင်း၊ စနစ်တကျ ကြပ်မတ် ကွပ်ကဲရန် လိုအပ်ခြင်းတို့ကြောင့် စီးတီးတက္ကစီများနှင့်ပတ်သက်၍ စနစ်တကျ မှတ်ပုံတင်ဆောင်ရွက်စေခြင်းဖြစ်သော်လည်း နယ်လိုင်စင် အငှားယာဉ်များအား ရန်ကုန်မြို့ပြင်သို့ ထုတ်မည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း သိရသည်။

“ ဒီဇင်ဘာ ၃၁ ရက်နောက်ဆုံးထားပြီး ရန်ကုန်လိုင်စင် အငှားယာဉ်တွေကို စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်စေတာပါ၊ အရင်လုပ်ခဲ့တာရှိရင် သက်တမ်းတိုးဖို့၊ မလုပ်ဖူးရင်လည်း အသစ်လုပ်ဖို့ပေါ့၊ အဓိက ကတော့ အငှားယာဉ်တွေနဲ့ ပတ်သက်တဲ့အချက်အလက်အတိအကျရဖို့ရယ် ခရီးသည်တွေကို အရေးကြုံရင် ကူညီဆောင်ရွက်နိုင်ဖို့၊ စည်းကမ်းထိန်းသိမ်းကြပ်မတ်တာတွေ လုပ်နိုင်ဖို့ကိုပါ၊ နယ်လိုင်စင်နဲ့ ဝင်ရောက်ပြေးဆွဲ နေတဲ့ကားတွေကိုတော့ ရန်ကုန်မြို့ထဲ မဝင်နဲ့လို့တော့ ထုတ်လို့မရပါဘူး၊ ဝင်လာခဲ့ရင်လည်း ဥပဒေနဲ့အညီပဲ ဆောင်ရွက်သွားရမှာပါ၊ ထိန်းချုပ်ရေးစင်တာ ပြီးတဲ့အခါမှာ တိုးဂိတ်တွေ၊ မီးပွိုင့်တွေက ကင်မရာတွေနဲ့ ချိတ်ဆက် ကွပ်ကဲတာရှိမယ်၊ ပြီးတော့ ညအိပ်ခွန်နဲ့ ကောက်ခံတာမျိုးပေါ့၊ ပြင်ပကနေ ရန်ကုန်မြို့ထဲ ဝင်ရောက်လာတဲ့ကားတွေကို ဥပဒေနဲ့အညီ ကန့်သတ်ဆောင်ရွက်တာ၊ ညအိပ်ခွန်နဲ့ ဆောင်ရွက်တာမျိုးတွေဖြစ်နိုင်ပါတယ်” ဟု အဆိုပါ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်လိုင်စင်ဖြင့် တက္ကစီ ပြေးဆွဲခွင့်ရရှိထားသော အငှားယာဉ်များအနေဖြင့် စီးတီးတက္ကစီအဖြစ် မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထားကာ ဆောင်ရွက်ရမည်ဟု YRTA က တရားဝင် အသိပေးကြေညာထားပြီး လာမည့် ၂၀၁၈ ဇန်နဝါရီ ၁ ရက်မှ စတင်ကာ မှတ်ပုံတင်ထားခြင်း မရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာထားသည်။

စီးတီးတက္ကစီမှတ်ပုံတင်ခြင်းလုပ်ငန်းကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာကပင် ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေး ကော်မတီလက်အောက်၊ စီးတီးတက္ကစီ ကြီးကြပ်ရေးဆပ်ကော်မတီအဖြစ် ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး ထိုစဉ်က မြို့တော်စည်ပင်က တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် မ. ထ. သ (ဗဟို) သို့ လွှဲပြောင်းခဲ့ပြီး မ. ထ. သ(ဗဟို)က ခရိုင်အလိုက် စီးတီးတက္ကစီမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် စီးတီးတက္ကစီ မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်မှု လျော့နည်းခဲ့ပြီး တက္ကစီစာရင်းဇယား အတိအကျ သိရှိရန်၊ ပြေးဆွဲရာတွင် စနစ်တကျရှိစေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းများ၏ အချက်အလက်များနှင့်တကွ ခရီးသည်များအကြောင်း တစ်စုံတစ်ရာ အခက်အခဲရှိပါက ကူညီဆောင်ရွက်ရာတွင် လွယ်ကူမှုရှိစေရန်၊ စည်းကမ်းထိန်းသိမ်းရာတွင် အထောက်အကူပြုစေရန် တို့အနေဖြင့် စီးတီးတက္ကစီအဖြစ် ပြေးဆွဲခွင့်ရရှိထားသော ရန်ကုန်လိုင်စင်ယာဉ်များကို မှတ်ပုံတင်ရန် ညွှန်ကြားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ စီးတီးတက္ကစီ မှတ်ပုံတင်သက်တမ်းတိုးရာတွင် သက်တမ်းတိုးယာဉ် တစ်စီးအတွက် ကုန်ကျငွေ ကျပ် ၆၅၀၀ ဖြစ်ပြီး မှတ်ပုံတင်အသစ် ပြုလုပ်မည့် ယာဉ်တစ်စီးအနေဖြင့် ကျပ် ၁၂၅၀၀ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ ယင်းမှတ်ပုံတင်ခြင်းလုပ်ငန်းတွင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နှင့် ပတ်သက်၍ အချက်အလက်များကို မှတ်တမ်းတင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းသို့ မှတ်ပုံတင်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူ အခက်အခဲဖြစ်သည်နှင့် YRTA သို့အကြောင်းကြားပါက ထိရောက်စွာ ကူညီပေးနိုင်မည်ဟု သိရသည်။

လက်ရှိတွင် YRTA ရုံးချုပ်ရှိရာ အမှတ် ၆၅၊ လေးထောင့်ကန်လမ်း မာန်အောင်ရပ်ကွက် တာမွေမြို့နယ် (ကျိုက္ကဆံ စူပါဝမ်းကုန်တိုက်ဘေး)တွင် ပြုလုပ်ပေးလျက်ရှိပြီး ယခုထပ်မံ၍ အင်းစိန်မြို့နယ် ဗဟိုလမ်းအနောက်ကြို့ကုန်းအိမ်ရာ တိုက်(၁) အမှတ် ၀၀၄ တွင်လည်း နိုဝင်ဘာ ၂၂ ရက်မှ စတင်ကာ နေရာတိုးချဲ့ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ် ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) ထံမှ သိရသည်။

၀၀၁

ထရန်စဖော်မာများ အသစ်တပ်ဆင်

မရမ်းကုန်း နိုဝင်ဘာ ၂၈

မရမ်းကုန်းမြို့နယ် အမှတ် ၂ ရပ်ကွက် ဒေါ်လှပန်းလမ်းတွင် နိုဝင်ဘာ ၂၂ ရက်နှင့် ရေခဲလမ်းနှင့် ရန်ကုန်-အင်းစိန် လမ်းမထောင့်တွင် နိုဝင်ဘာ ၂၆ ရက်က 200 KVA ထရန်စဖော်မာအသစ် တစ်လုံးစီ တပ်ဆင်ပြီး ဓာတ်အားပို့လွှတ်ပေးခဲ့သည်။

ထရန်စဖော်မာ အသစ် တပ်ဆင်ပြီး ဓာတ်အားပို့လွှတ်မှုနှင့် ပတ်သက်၍ ဒေါ်လှပန်းလမ်းနေ ဦးစောတောတောက “ကျွန်တော်တို့ လမ်းမှာ ထရန်စဖော်မာ မတပ်ဆင်ခင်က မီးအားနည်းပြီး ဗို့အား အတက်အကျ မတည်မငြိမ် ဖြစ်နေတာကြာပြီ၊ ယခုလို ထရန်စဖော်မာ ထိုင်ပေးတော့ မီးအားနည်းပြီး အတက်အကျ မဖြစ်တော့ဘဲ ဗို့အား တည်ငြိမ်သွားတာပေါ့၊ ဦးရွှေနုလမ်းမှာလည်း ထရန်စဖော်မာများ ထပ်မံတည်ဆောက်ပေးမှာကို သိရတဲ့အတွက် ဝမ်းသာပါတယ်၊ အခုလို ဆောင်ရွက်ပေးတဲ့ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းကို ကျေးဇူးတင်ပါတယ်”ဟု ပြောကြားသည်။

မိုးယံကျ(မြစ်ကြီးနား)

ရန်ကင်းမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ပန်းချီပြိုင်ပွဲကျင်းပ

ရန်ကင်း နိုဝင်ဘာ ၂၈

ရန်ကုန် အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ်၌ ပညာရေးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်းမှုဖြင့် ကျောင်းသား ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အနုပညာရသခံစားတတ်လာစေရန် ရည်ရွယ်၍ ပန်းချီပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေစိုးက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ပြိုင်ပွဲကို မူလတန်း၊ အလယ်တန်းအဆင့်ကျောင်းသား ကျောင်းသူ ၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြပြီး ဆရာမများ ကျောင်းသား ကျောင်းသူများနှင့် မိဘများ ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

ရန်ကင်း(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး မူခင်းပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၂၈

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မှုခင်းပညာပေးပြခန်းမော်တော်ယာဉ်သည် ယနေ့ နံနက် ၈ နာရီတွင် မရမ်းကုန်းမြို့နယ် ၅ ရပ်ကွက် စွယ်တော်ဘုရားလမ်းနှင့် ကလေးဝကျောင်းလမ်းထိပ်တွင် မှုခင်းပညာပေးဟောပြောဆောင်ရွက်ခဲ့ရာ လာရောက်လေ့လာသော ရပ်ကွက်နေပြည်သူ ၂၀၀ ခန့်အား မရမ်းကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဟောပြောပြီးပညာပေးလက်ကမ်းစောင်များ ဖြန့်ဝေခဲ့သည်။

ဇာနည်မောင်

ငွေကြေးနှင့် ပါတီကို
ကြိုက်သည် သို့သော်...
"ကျွန်တော်တို့က
သုညဘဝကနေ
စခဲ့ရတာ မဟုတ်ဘူး၊
အနုတ် ငါး(-၅)ကနေ
စခဲ့ရတာဗျ"
ဒီစကားကို ဆိုလေသူက
နေမာ စီနီယာ။
နေမာစီနီယာဆိုတာ
လက်ရှိ ကမ္ဘာ့စံချိန်တင်
ပြောင်းရွှေ့ကြေးရှင်
စူပါစတားနေမာရဲ့ ဖခင်။

တစ်ပတ်အတွင်း အားကစားသတင်း

မေလဲ့သင်း

နေမာက ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်း ဘာစီလိုနာကနေ ပီအက်စ်ဂျီအသင်းကို ကမ္ဘာ့စံချိန်တင်ကြေးပေါင်သန်း ၂၀၀နဲ့ ပြောင်းရွှေ့ခဲ့ပြီးနောက် ဝေဖန်မှုများစွာကြား ဘာပဲလုပ်လုပ် သတင်းဖြစ်နေသူ၊ ပြောသမျှလှုပ်ရှားသမျှ ဆေးစက်ကျရာ အရုပ်ထင်နေသူ။ အသက်အရွယ်အားဖြင့်လည်း ၂၅ နှစ်သာ ရှိသေးတာကြောင့် စီရိုနယ်လ်ဒို၊ မက်ဆီတို့ ခေတ်လွန်ချိန် ဘောလုံးလောကရဲ့ အတောက်ပဆုံး ဖြစ်လာမယ့်သူလို့ အားလုံးက နံပါတ် ၁ ပေးထားသူ။ ဝေဖန်မှုတွေကြားမှာ ရှင်သန်နေတဲ့ နေမာရဲ့နောက်ကွယ်က ဘဝအကြောင်းကို အနည်းငယ် တင်ဆက်လိုက်ပါတယ်။

ငယ်ဘဝ

နေမာကို ဘရာဇီးနိုင်ငံ မြို့တော် ဆော်ပေါ်လိုရဲ့ နယ်နိမိတ်ဧရိယာထဲ ပါဝင်တဲ့ မိုဂီဒက်ဇ်ခရုဇ်အရပ်မှာ မွေးဖွားခဲ့တာဖြစ်ပြီး ဒီနေရာက လူမှုရေးအဆင့်အတန်းအားဖြင့် အတော်ကို နိမ့်ကျတဲ့နေရာဖြစ်ပါတယ်။ နေမာဟာ လေးလသားအရွယ်မှာ ယာဉ်မတော်တဆမှု ကြုံခဲ့ရပြီး ဒီမတော်တဆမှုကြောင့် သူ့ရဲ့ ဖခင်က တင်ပါးရိုးကျိုးသွားခဲ့ပေမယ့် ကားပေါ်က လွင့်စဉ်ကျခဲ့တဲ့ နေမာကတော့ အံ့အားသင့်ဖွယ် အသက်ရှင်ခဲ့ပါတယ်။

နေမာ တစ်နှစ်ပြည့် မွေးနေ့ဆင်နွှဲခဲ့တဲ့ အိမ်ရာအနီးဝန်းကျင်ဟာ အတော်လေးကိုနုံချာခဲ့တဲ့ အခြေအနေဆိုတာကို နေမာစီနီယာက "လူမှုရေးအရ နိမ့်ကျနေတဲ့ အိမ်နီးနားချင်းတွေနဲ့ ကျင်းပခဲ့ရပါတယ်။ ကျွန်တော်တို့နေတဲ့ ဧရိယာဝန်းကျင်က အမြဲစိုထိုင်းထိုင်းဖြစ်နေပြီး တစ်မြို့လုံးကလည်း အမှိုက်တွေနဲ့ပြည့်နေတတ်တာ" လို့ ပြန်ပြောင်းပြောကြားခဲ့ပါတယ်။ ဖခင်နေမာစီနီယာဟာ တင်ပါးရိုးကျိုးတဲ့ဒဏ်ရာက မသက်သာဘဲ နောက်ဆုံးမှာ ဘောလုံးကစားခြင်းကနေ အနားယူခဲ့ရတာကြောင့် စီးပွားရေးအနေအထား ပိုမို ယိမ်းယိုင်လာခဲ့ပြီး နေမာရဲ့ ညီမလေး ရာဖယ်လာလေးမွေးပြီးနောက်မှာတော့ နေမာတို့ ဘိုးဘွားပိုင် အိမ်ကျဉ်းလေးမှာ သွားရောက်နေထိုင်ရဖို့က လွဲလို့ အခြားရွေးစရာ မရှိတော့ပါဘူး။ ဖျာတစ်ချပ်မှာ တစ်မိသားစုလုံးဝေမျှပြီး ကျပ်ကျပ်တည်းတည်း နေထိုင်ခဲ့ရပါတယ်။

နေမာတို့မိသားစုဟာ ခေါင်မိုးပေါ်က အခန်းတစ်ခန်းမှာ နေထိုင်ဖို့အတွက် နေမာ့ဖခင်စီနီယာကလည်း မိသားစုစားသောက်ဖို့အတွက် စက်ပြင်ဆရာ၊ အရောင်းဝန်ထမ်း၊ အလုပ်ကြမ်း စတဲ့ အလုပ်သုံးခုကို တစ်ပြိုင်နက် လုပ်ကိုင်ခဲ့ရသလို နေမာကလည်း သူ့ရဲ့ဘောလုံးအရည်အသွေးတိုးတက်ဖို့အတွက် ဖူဆယ်လည်းကစား လမ်းပေါ်မှာ ဘောလုံးလေ့ကျင့်ရင်း ကြိုးပမ်းခဲ့ရတယ်။ အဲဒီအချိန်က ၂၀၀၀ ပြည့်နှစ် ဝန်းကျင်လောက်ဖြစ်ပြီး ဒီလို ငရဲခန်းကာလတွေဟာ အတော့်ကို ကြာရှည် လွန်းခဲ့တယ်လို့ နေမာစီနီယာက ဆိုပါတယ်။ နေမာတို့မိသားစုဟာ နေမာ ပရော်ဖက်ရှင်နယ် ကစားသမားဘဝ စတင်တဲ့အထိ အဲဒီနေရာမှာပဲ နေထိုင်ခဲ့တာဖြစ်ပါတယ်။

တွန်းအားများနဲ့ အိပ်မက်ဆီသို့ အရောက်ခရီးနှင်ပြီ

မိသားစုဝင်အားလုံးက နေမာ့ကို မိသားစုရဲ့ အဓိက မျှော်လင့်ချက်အဖြစ် အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ တောက်လျှောက်တွန်းအားပေးခဲ့ကြပါတယ်။ ဒါကြောင့်လည်း အခြားမပြည့်စုံတဲ့ ကလေးတွေကို မိဘတွေက ထားတဲ့ ပုံစံနဲ့ မထားခဲ့ဘဲ ဘောလုံးကစားခြင်းကိုသာ တစိုက်မတ်မတ် ဆောင်ရွက်နိုင်ဖို့ တွန်းအားပေးခဲ့ပါတယ်။ နေမာရဲ့ ငယ်ဘဝကတော့ အခြားကလေးငယ်တွေလို စူပါမန်း၊ ပါဝါရိန်းဂျားလုပ်ချင်ရင်းနဲ့ပဲ ကြီးပြင်းလာခဲ့ပြီး အင်မတန် တက်ကြွတဲ့ ကလေးတစ်ဦးအဖြစ် ရှင်သန်ခဲ့သလို ယခုထိလည်း တက်ကြွလွန်းသူ တစ်ဦးပါလို့ သူ့ဖခင်က မှတ်ချက်ပြုပါတယ်။

အထူးသဖြင့် ဖခင်ဖြစ်သူက သူစွန့်လွှတ်ခဲ့ရတဲ့ ဘောလုံးသမားဘဝကို ဘယ်လို အကောင်းဆုံးလျှောက်လှမ်းသင့်သလဲဆိုတာ အနီးကပ်ကြီးကြပ်အကြံပေးပြီး လမ်းကြောင်းတည့်မတ်အောင် တည်ဆောက်ပေးခဲ့ပါတယ်။ ဒါကြောင့်လည်း နေမာဟာ လက်ရှိအချိန်မှာ နာမည်ကျော် ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေပေမယ့် သူ့ဖခင်ရဲ့ သူ့အပေါ် ယုံကြည်မှုများစွာပေးခဲ့တဲ့ မေတ္တာတရားနဲ့ စေတနာတရားတွေကို ဘယ်တော့မှ မမေ့ဘဲ ဖခင်စကားကို ဦးထိပ်ပန်ဆင်သူ ဖြစ်နေတတ်တာပါ။ နေမာတို့ သားအဖနှစ်ဦးကြားထဲက ဆက်ဆံရေးဟာ နေမာရဲ့ ပရော်ဖက်ရှင်နယ်ကာလ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာရာမှာ အင်မတန်မှကို အရေးပါခဲ့ပြီး နေမာ ဂျူနီယာဆိုတဲ့ သူ့ဂျာစီနောက်ကျောက အမည်ဟာ တိုက်ဆိုင်မှု သက်သက်ကြောင့် ဖြစ်တည်ခဲ့တာ မဟုတ်ပါဘူး။

နေမာက ပီအက်စ်ဂျီကို မပြောင်းရွှေ့မီ" ခင်ဗျားတို့ဘဝမှာ အကောင်းဆုံးသူငယ်ချင်းတစ်ဦးဆိုတာ ရှိတတ်ကြပါတယ်။ ကျွန်တော့်ရဲ့ဘဝမှာ အကောင်းဆုံးသူငယ်ချင်း။ ဖေဖေရေ သားဖေဖေ့ကို ချစ်တယ်" လို့ အင်စတာဂရမ် စာမျက်နှာပေါ် တင်ခဲ့ပါတယ်။ နေမာက ဖခင်ကိုချည်း ချစ်တတ်တာ မဟုတ်ဘဲ ညီမလေး ရာဖယ်လာ၊ မိခင် နာဒီနီနဲ့ သားဖြစ်သူ ဒေဗီ လူကာတို့ရဲ့မျက်နှာတွေကို သူ့ခန္ဓာကိုယ်မှာ တက်တူးထိုးပါတယ်။ နေမာဟာ အသက် ၁၄ နှစ်အရွယ်မှာ ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ကမ်းလှမ်းမှုကို ရရှိခဲ့ပေမယ့် မိသားစုနဲ့ အတူနေရဖို့အတွက် ဒီကမ်း လှမ်းမှုကို ပယ်ချခဲ့ဖူးသူပါ။

ဒုတိယဘုရားသခင်ဆိုတဲ့

နေမာရဲ့ ပီအက်စ်ဂျီနဲ့ ငါးနှစ်စာချုပ် ချုပ်ဆိုမှုဟာ သူ့ဘဏ်စာရင်းထဲကို ပေါင် ၁၃၄ သန်း ဝင်လာမှာဖြစ်ပါတယ်။ ဒီအတွက် အသေးစိတ်ကို ပြန်ချပြီး တွက်ပြရရင်

- တစ်နှစ် ပေါင် ၂၆ဒသမ၈သန်း
- တစ်ပတ် ပေါင် ၅၁၅၀၀၀
- တစ်ရက် ၇၃၅၇၁
- တစ်နာရီ ၃၀၆၅
- တစ်မိနစ် ၅၁

၂၀၁၃ခုနှစ် နေမာတစ်ယောက် ဆန်းတို့စ်ကနေ ဘာစီလိုနာကို ပြောင်းရွှေ့လာခြင်းနဲ့အတူ သူတို့မိသားစုရဲ့ ဘဝအခြေအနေလည်း လုံးဝ ပြောင်းသွားခဲ့ပါတယ်။ နေမာစီနီယာက သားဖြစ်သူရဲ့ အေးဂျင့်အဖြစ် ဆောင်ရွက်ရင်းပွဲစားခလို့ အလွယ်ပြောလို့ရမယ့် ဝန်ဆောင်ခ ပေါင် ၃၅သန်း(လက်ငင်း ပေါင် ၉သန်း၊ အပြောင်းအရွှေ့အပြီးသတ် ပေါင် ၂၆သန်း) ရရှိခဲ့ပါတယ်။ ဆန်းတို့စ်အသင်းကတော့ ဒီကစားသမားလေးအတွက် ပေါင် ၁၅ သန်းသာ ရရှိခဲ့လို့ အငြင်းပွားစရာတွေ ဖြစ်ခဲ့တယ်လို့ ဆိုရပါမယ်။ ဘာစီလိုနာနဲ့ နေမာတို့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုရာမှာလည်း "သစ္စာရှိကြေး" ဆိုတာကို ထည့်သွင်းချုပ်ဆိုပြီး ပေါင် ၂၃ သန်း ပေးချေရမယ်ဆိုတဲ့ အချက်ကို ထည့်သွင်းခဲ့သလို ဘာစီလိုနာမှာ နေမာရှိနေစဉ်ကာလအတွင်း နေမာစီနီယာကို ပေးချေရတဲ့ ငွေကြေးက မက်ဆီအတွက် အသုံးပြုရတဲ့ လုပ်ခလစာထက်တောင် ပိုများခဲ့တယ်လို့ သိရပါတယ်။

နေမာစီနီယာ(နေမာ့ဖခင်)ဟာ လောဘကြီးလွန်းတယ်၊ ဒီလို တရားမဝင် အေးဂျင့်ခတွေ ရယူခဲ့လို့ တရားရုံးအထိ သွားရောက်ဖြေရှင်းရတာမျိုးတွေရှိခဲ့ပေမယ့် နေမာကတော့ "ကျွန်တော်က အဖေ့ရဲ့ ပရိသတ်ဗျ၊ ကျွန်တော်လက်ရှိ ရောက်နေတဲ့ အနေအထားကနေ ဆက်တိုးတက်ဖို့ပဲ အမြဲဆန္ဒရှိပါတယ်" လို့ ကာကွယ် ပေးခဲ့ပေမယ့် နေမာရဲ့ ဘာစီလိုနာကနေ ပီအက်စ်ဂျီကို ပြောင်းရွှေ့မှု နောက်ပိုင်းမှာတော့ နေမာတို့သားအဖ ငွေကြေးနောက် လိုက်လွန်းတယ်ဆိုတဲ့ စွဲချက်တွေကို ပိုမို ခိုင်မာ အားကောင်းစေခဲ့ပါတယ်။ MSN တိုက်စစ်(မက်ဆီ၊ ဆွာရက်ဇ်၊ နေမာ) တိုက်စစ်ထဲက နေမာခွဲထွက်နိုင်ခဲ့တဲ့ အဓိက အကြောင်းတရားက ငွေကြေးသက်သက်ကြောင့်ဖြစ်ပြီး နေမာဟာ ကစားသမားဘဝ အောင်မြင်မှုထက် ငွေကြေးကို ပိုမို မက်မောသူအဖြစ် ဝေဖန်ရေးသမားတွေက ထိုးနှက် တိုက်ခိုက်ခဲ့ကြတယ်။ ဒါပေမယ့် ဒီစွပ်စွဲချက်တွေက တစ်ဝက်

မှန်တယ်၊ တစ်ဝက်မှားတယ်ဆိုတာကိုတော့ ပြောနိုင်ပါတယ်။ ဘာလို့လဲဆိုရင် နေမာက ငွေမက်တယ်၊ ဒါပေမယ့် သူဟာ ဘယ်အချိန်မှာ ဘာဖြစ်ရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ သူ့ဘဝကို ထိန်းကျောင်းမောင်းနှင်နေသူဖြစ်တယ်။ ဘာစီလိုနာမှာ သူ့ထက် ဂုဏ်သတင်းအားဖြင့် ကြီးမြင့်သူဖြစ်သလို ပရိသတ်ရဲ့ မေတ္တာကို အပြည့်အဝ ရယူထားတဲ့ မက်ဆီ ရှိနေတယ်။ ဘာစီလိုနာမှာ သူဘယ်လောက်ပဲ ခြေစွမ်းပြပြ မက်ဆီ မနားမချင်း နံပါတ် ၁ နေရာကိုရမှာ မဟုတ်ဘူးဆိုတာကို သိနေတာကလည်း ဘာကာကို ကျောခိုင်းနိုင်ခဲ့တဲ့ နောက်ထပ် အချက်တစ်ချက်ဖြစ်နေပါတယ်။

ဒီလို မြင့်မားတဲ့ ရည်မှန်းချက်တွေကပဲ သူ့ကို ပစ္စုပ္ပန်ကာလမှာ အကောင်းဆုံးထဲက တစ်ယောက်အဖြစ် တွန်းပို့ပေးနိုင်ခဲ့သလို သူ့မိသားစု၊ သူ့ရဲ့ သားကလေး ဒေဗီလူကာအပြင် အခြားသော ဘရာဇီးကလေးငယ်များစွာရဲ့ ဘဝတွေကိုပါ ပြောင်းလဲပေးနိုင်ခဲ့တဲ့အထိ ခရီးပေါက်ခဲ့ပါပြီ။ နေမာဟာ ဘရာဇီးဘောလုံးလောက ဖွံ့ဖြိုးရေးနဲ့ ချို့တဲ့တဲ့ ကလေးငယ်များစွာအတွက် အလှူငွေများစွာကို ထည့်ဝင်နေတဲ့သူဖြစ်သလို သူ့ရဲ့ ဒဏ္ဍာရီဆန်ဆန် ဘဝအခြေအနေ ပြောင်းလဲနိုင်မှုတွေဟာ ကလေးငယ်များစွာရဲ့ အိပ်မက်တွေကို လှုပစေသူဖြစ်တဲ့အပြင် ဘာစီလိုနာက သူ့ကို ရောင်းချဖို့ ကြိုးပမ်းခဲ့တဲ့ ဆွေးနွေးမှုတွေ ပြုချိန်မှာ မျက်ရည်ကျခဲ့သူ တစ်ဦးလည်း ဖြစ်နေတတ်ပြန်ပါတယ်။ နေမာဂျူနီယာလို့ ခေါ်တဲ့ ၂၅ နှစ်အရွယ် ဒီလူငယ်လေးဟာ ငွေကြေးကို သိပ်ကြိုက်တယ်၊ ပါတီတက်ရတာကို ခုံမင်တယ် သို့ပါသော်လည်း နူးညံ့ပျော့ပျောင်းတဲ့ နှလုံးသားရှိတဲ့သူဆိုတာကတော့ နောက်ကွယ်က အမှန်တရားတစ်ခု ဖြစ်ပါတယ်။

လာမယ့်နှစ်အတွင်း လက်ထပ်ကြတော့မယ့် မင်းသား ဟယ်ရီနဲ့ မက်ဂန်မာကယ်လ် စေ့စပ်ပြီးဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြား

ဗြိတိန်ရဲ့ မင်းသားတစ်ဦးဖြစ်တဲ့ မင်းသားဟယ်ရီနဲ့ သူနဲ့လက်ရှိမှာ ချစ်သူတွေအဖြစ်လက်တွဲနေတဲ့ သရုပ်ဆောင်မင်းသမီး မက်ဂန်မာကယ်လ်တို့ဟာ လတ်တလောမှာတော့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သူတို့နှစ်ဦးရဲ့ ပထမဆုံးအကြိမ် ပြုလုပ်ခဲ့တဲ့ မီဒီယာတွေနဲ့ အင်တာဗျူးမှာ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးဟာ လာမယ့်နှစ် နွေဦးမှာ လက်ထပ်ပွဲကျင်းပသွားဖို့ ရည်ရွယ်ထားကြောင်းနဲ့ လန်ဒန်မှာ စေ့စပ်ပွဲဆင်နွှဲခဲ့ပြီးဖြစ်ကြောင်းကိုလည်း ချားလ်စ်မင်းသားရဲ့အိမ်တော်က ပြီးခဲ့တဲ့နိုဝင်ဘာ ၂၇ ရက်က တွစ်တာ

စာမျက်နှာပေါ်ကနေတစ်ဆင့် တရားဝင်ထုတ်ဖော်ပြောကြားလာခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသား ဟယ်ရီနဲ့ အသက် ၃၆ နှစ်အရွယ် ဟောလိဝုဒ်မင်းသမီး မက်ဂန်မာကယ်လ်တို့ဟာ ယခုလအစောပိုင်းမှာ စေ့စပ်ခဲ့ကြတာဖြစ်ပါတယ်။ စေ့စပ်ပွဲဆင်နွှဲချိန်ကလည်း မင်းသားဟယ်ရီက ဘုရင်မကြီးနဲ့ အခြားသောမိသားစုဝင်တွေကို အသိပေးခဲ့ပြီး မက်ဂန်မာကယ်လ်ရဲ့ မိဘတွေကို အသိပေးခဲ့ပါတယ်။ နှစ်ဖက်မိဘတွေရဲ့ သဘောတူခွင့်ပြုချက်အရ စေ့စပ်ခဲ့ကြပြီးနောက် မင်္ဂလာပွဲကျင်းပဖို့ရာပင် စီစဉ်နေကြတာလည်းဖြစ်ပါတယ်။ မင်္ဂလာရက်အတိအကျကိုတော့ ဆွေးနွေးသတ်မှတ်နိုင်ခြင်းမရှိသေးဘဲ ရက်သတ်မှတ်ပြီးပါက ထုတ်ပြန်ပြောကြားပေးသွားမှာဖြစ်တယ်လို့လည်း သိရပါတယ်။

"Suits"ရုပ်ရှင်ရဲ့ ဇာတ်ဆောင်ဖြစ်တဲ့ မက်ဂန်မာကယ်လ်ရဲ့ မိဘတွေဖြစ်ကြတဲ့ သောမတ်စ်မာကယ်လ်နဲ့ ဒိုရီယာရန့်ခ်လန်းတို့ကလည်း စေ့စပ်ကြောင်းလမ်းခြင်းအတွက် ဂုဏ်ယူမိကြောင်း၊ ရှေ့ဆက်ရမယ့်ခရီးမှာ ပျော်ရွှင်ကြစေလိုကြောင်းနဲ့ သမီးဖြစ်သူ မက်ဂန်မာကယ်ရဲ့ မင်းသား ဟယ်ရီနဲ့အတူ ဖြတ်သန်းရမယ့် အနာဂတ်ခရီးအတွက် အလွန်စိတ်လှုပ်ရှားနေမိကြောင်းလည်း ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။ ဒါ့အပြင် မင်းသား ဟယ်ရီရဲ့ အစ်ကိုဖြစ်သူ ကမ်းဘရစ်ချ်မြို့စား မင်းသား ဝီလျံနဲ့ ဇနီးတို့ကလည်း "ဟယ်ရီနဲ့ မက်ဂန်တို့အတွက် အလွန်ပဲစိတ်လှုပ်ရှားမိပါတယ်။ မက်ဂန်နဲ့ သိကျွမ်းခဲ့ရတာ၊ နောက်ပြီး သူနဲ့ ဟယ်ရီတို့ အတူရှိနေချိန်မှာ ဘယ်လောက်ပျော်ရွှင်ကြတယ်ဆိုတာကိုတွေ့ရတာ တကယ်ကို ဝမ်းမြောက်စရာပါ"လို့ ကင်းစတန်းနန်းတော်ရဲ့ တရားဝင်လူမှုကွန်ရက်မီဒီယာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

လက်ရှိမှာတော့ မက်ဂန်မာကယ်လ်ဟာ သူ့ရဲ့ တိုရွန်တိုမှာရှိတဲ့ တိုက်ခန်းကနေ မင်းသား ဟယ်ရီနဲ့အတူ ပြောင်းရွှေ့နေထိုင်လျက်ရှိပြီး ဒီလိုပြောင်းရွှေ့ခဲ့ပြီးနောက် သီတင်းပတ်အနည်းငယ်အကြာမှာ စေ့စပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့တာဖြစ်ပါတယ်။ ယခုလို စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်းနဲ့ မင်္ဂလာသတင်းတွေကို တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာကြောင့် သို့လောသို့လောပြောကြားနေတဲ့ ကောလာဟလတွေကိုတော့ ရပ်ဆိုင်းသွားစေခဲ့ပြီဖြစ်ပါတယ်။

ယခုနှစ်အတွက် မယ်စကြာဝဠာသရဖူကို တောင်အာဖရိက အလှမယ် ဆွတ်ခူး

နာမည်ကျော်အလှမယ်ရွေးချယ်ပွဲကြီးတစ်ခုဖြစ်တဲ့ မယ်စကြာဝဠာရွေးချယ်ပွဲကြီးကို ပြီးခဲ့တဲ့ စက်တင်ဘာ ၂၆ ရက်ညပိုင်းမှာ အမေရိကန်နိုင်ငံ လတ်စ်ဗီးဂတ်စ်မှာရှိတဲ့ ပလန်းနက်ဟောလိဝုဒ်မှာ ကျင်းပခဲ့ရာမှာတော့ ယခုနှစ်ရဲ့ မယ်စကြာဝဠာအဖြစ် တောင်အာဖရိကကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ အလှမယ် ရွေးချယ်ခံခဲ့ရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။



